ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 December 2017 ၉၁၃၇

# Universal Health Coverage Forum အဆင့်မြင့် အစည်းအဝေး တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် Universal Health Coverage Forum အဆင့်မြင့် အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ယနေ့ည ၁၀ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။

**သတင်းစဉ်**



# စာပေဟာ လူတို့ရဲ့စိတ်နှလုံးများကို ပြုပြင်ပြောင်းလဲစေနိုင်သလို လူအများကို အသိပညာ ဗဟုသုတနဲ့ ဉာဏ်အမြော်အမြင်များ တိုးပွားအောင်လည်း ဖန်တီးပေးနိုင်စွမ်းရှိ

## စာပေညီလာခံ (၂၀၁၇)သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော စာပေပညာရှင်များ၊ စာပေကို ချစ်မြတ်နိုးသော ဧည့်သည်တော်များရှင်-**

ဒီကနေ့ မြန်မာစာပေအဖွဲ့အစည်း ၁၁ ခုက ဦးဆောင်စီစဉ်ကျင်းပတဲ့ စာပေညီလာခံကြီးကို တက်ရောက်လာကြတဲ့ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူနဲ့ စာပေပညာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာပေ၊ ရုပ်ရှင်၊ ဂီတ စတဲ့ အနုပညာရပ်များဟာ လူသားများ နှစ်သက်မြတ်နိုးကြတာနဲ့အမျှ လူ့အဖွဲ့အစည်းအပေါ်မှာလည်း လွှမ်းမိုးသက်ရောက်မှု ကြီးမားကြပါတယ်။ အထူးသဖြင့် စာပေဟာ လူတို့ရဲ့စိတ်နှလုံးများကို ပြုပြင်ပြောင်းလဲစေနိုင်သလို လူအများကို အသိပညာ ဗဟုသုတနဲ့ ဉာဏ်အမြော်အမြင်များ တိုးပွားအောင်လည်း ဖန်တီးပေးနိုင်စွမ်း ရှိပါတယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်တစ်ပြည်ရဲ့ စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဟာ အဲဒီတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြီးမားစွာ အထောက်အကူပြုနိုင်တယ်လို့ ယုံကြည်ခြင်းဖြစ်ပါတယ်။

ဒီကနေ့အချိန်ဟာ ကျွန်မတို့အနေနဲ့ နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် ပြည်သူနဲ့အတူ လက်တွဲဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုတွေအမျိုးမျိုးကိုလည်း ကျော်လွှားရမှာ ဖြစ်ပါတယ်။ ဒီအချိန်အခါမျိုးမှာ ပြည်ထောင်စုကို တည်ဆောက်ကြမယ့် နိုင်ငံသူ နိုင်ငံသားတွေ အသိပညာနဲ့ စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်စေဖို့ စာကောင်းပေမွန်များ ရေးသားပြုစုပေးမယ့် စာပေပညာရှင်များရဲ့ အခန်းကဏ္ဍဟာ အထူးအရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ဒီကနေ့ နိုင်ငံအနှံ့အပြားက စာပေပညာရှင် တစ်ထောင်ကျော် တက်ရောက်ပြီး ခေါင်းစဉ်ပေါင်း ၅၀ ကျော်နဲ့ ဆွေးနွေးကြမယ့် စာပေညီလာခံကြီးမှာ “လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ”ဆိုတဲ့ ညီလာခံဆောင်ပုဒ်နဲ့အညီ စာပေပညာရှင်တို့ လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်ကြပြီးနောက်မှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဲဒီကတစ်ဆင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးမယ့် လုပ်ငန်းလမ်းညွှန်များ၊ အစီအစဉ်ကောင်းများ ချမှတ်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ “လွတ်လပ်ခြင်းသည် လက်လွတ်စပယ် ပြောဆိုရေးသားခြင်းမဟုတ်”ဆိုတဲ့ တာဝန်သိမှုကိုလည်း သတိပြုစေချင်ပါတယ်။

သည့်အပြင် ယခုကျင်းပမယ့် ညီလာခံကြီးကနေ စာပေရဲ့ မွန်မြတ်တဲ့ တန်ဖိုးများကို ဖော်ထုတ်မြှင့်တင်ပြီး စာပေသမားများအနေနဲ့ နိုင်ငံသူ နိုင်ငံသားတို့ အသိပညာရေး၊ စိတ်ဓာတ်များပါ ဖွံ့ဖြိုးတိုးတက်စေမယ့် စာကောင်းပေမွန်များ ပိုမိုတိုးတက်ရေးသားပြုစုကြရေးသာမက ယနေ့မြန်မာပြည်သူအများ လိုလားတောင့်တတဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်နိုင်ငံလုံး ကြိုးပမ်းဆောင်ရွက်ကြရာမှာ စာပေပညာရှင်များအနေနဲ့လည်း မိမိတို့ရဲ့အနုပညာ၊ အတတ်ပညာစွမ်းအားများနဲ့ ထိရောက်စွာ ဝိုင်းဝန်းပါဝင်ရေးအတွက်ပါ ဦးဆောင်လမ်းပြပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

စာပေညီလာခံ(၂၀၁၇)အောင်မြင်ပါစေ။ စာပေပညာရှင်များ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ။

**ဒေါ်အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

IKBZ Insurance
“ယုံကြည်အားထား IKBZ အာမခံစွမ်းအား”
WORLD FINANCE 2016
WORLD FINANCE 2015
Hot Line:01- 2307000, 09-79 2307000
ရန်ကုန် ရုံးချုပ်၊ ကမ္ဘာအေးရုံးခွဲနှင့် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ IKBZ ရုံးခွဲများတွင် အာမခံအမျိုးအစားအမျိုးမျိုးကို ဝယ်ယူရရှိနိုင်ပါသည်။

# ကြေးမုံ

## မှန်မှန်ကန်ကန်ရှုမြင် တုံ့ပြန်ချေဖျက်

ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ကို မြန်မာနိုင်ငံသား အများစုနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအမှန်ကို ဘက်စုံလေ့လာပြီး ဓမ္မဓိဋ္ဌာန်ကျကျ ခွဲခြမ်းစိတ်ဖြာကာ ဘက်လိုက်ခြင်းမရှိဘဲ ရှုမြင်သုံးသပ်ကြသူများသာ အနီးစပ်ဆုံး၊ အမှန်ကန်ဆုံး သိမြင်ကြပေလိမ့်မည်။

လက်ရှိတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစု၊ လူပုဂ္ဂိုလ်နှင့် ကမ္ဘာ့အဖွဲ့အစည်းအချို့တို့က ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် မျှမျှတတ လေ့လာသုံးသပ်ခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲပြောကြားမှုများ၊ ထိုစွပ်စွဲမှုများကို အကြောင်းပြု၍ စွက်ဖက်ဆောင်ရွက်မှုများ မကြာခဏ ပြောဆိုပြုလုပ်လျက်ရှိသည်ကို မြင်တွေ့ကြားသိနေကြရမည်ဖြစ်သည်။

၎င်းတို့ ပြောဆိုဆောင်ရွက်ကြသော တွင်တွင်သုံးလက်သုံးစကားမှာ လူသားချင်းစာနာထောက်ထားခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်းတို့သာဖြစ်သည်။ ပြဿနာအရင်းအမြစ်ကို သေချာစွာရှာဖွေ၍ ပြေလည်ရာ ပြေလည်ကြောင်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည့်အစား ပြဿနာပိုမိုကြီးထွားအောင်၊ ပဋိပက္ခ ပိုမိုဖြစ်ပွားအောင် မီးလောင်ရာလေပင့်သလို ပြုလုပ်နေကြသည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံအပေါ် ယနေ့စွပ်စွဲပြစ်တင် ပြောဆိုနေကြသူများသည် တစ်ဖက်သတ်အမြင်၊ ဘက်လိုက်သော သဘော၊ တစ်ဖက်ရပ်စကားများဖြင့် ပြောဆိုပြုမူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအများကို ကိုယ်စားပြုသူများက နိုင်ငံအများဘက်သို့သာ လိုက်ကြသည်မှာ မဆန်းချေ။ နိုင်ငံအများသည် ၎င်းတို့၏အသင်းအပင်းများသာ ဖြစ်နေသောကြောင့် အမှန်တရားကို မျက်ကွယ်ပြုထားသည်မှာ မှန်သော်လည်း အမှန်တရားကို အများသိစေဖို့အတွက် တုံ့ပြန်ချေဖျက်ဆောင်ရွက်ကြရမည်သာ ဖြစ်သည်။

အမှန်တကယ်တွင် ရခိုင်ပြည်နယ်အရေးသည် ဘာသာတစ်ခုနှင့်တစ်ခုအကြား၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား ဖြစ်ပေါ်ခဲ့သော ပြဿနာ သက်သက်မဟုတ်ချေ။ ထိုမတူကွဲပြားမှုများကို အကြောင်းပြု၍ မရိုးဖြောင့်သူတို့၏ အသုံးချမှုဇာတ်လမ်းများသာ ဖြစ်သည်။ ယင်းအဖြစ်သနစ်တို့နှင့် ပတ်သက်၍ အမှန်သိမြင်သူတို့က မကြာခဏဝင်ရောက်ပြောဆိုခဲ့ကြသည်ကို ကြားသိခဲ့ကြပြီးဖြစ်မည်။ မကြာသေးမီရက်ပိုင်းက အိန္ဒိယအခြေစိုက် သတင်းဝက်ဘ်ဆိုက် Scroll.in ၏ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မြန်မာနိုင်ငံအရေးကို နှစ်ပေါင်းများစွာ လေ့လာသုံးသပ် ရေးသားခဲ့သည့် ဆွီဒင်သတင်းစာဆရာ ဘာတေးလ်လင့်တ်နာ၏ မြန်မာနိုင်ငံ၏ လက်ရှိအရေး ဖြေကြားချက်များသည် ဓမ္မဓိဋ္ဌာန်ကျသည်ဟု ဆိုရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဩဂုတ်လ ၂၅ ရက်နေ့က နယ်စပ်လုံခြုံရေးစခန်းများအား ARSA အစွန်းရောက် အကြမ်းဖက်သမားများ တိုက်ခိုက်ခဲ့ခြင်းသည် ယခုကဲ့သို့ တုံ့ပြန်မှုတစ်ခု ဖြစ်လာအောင် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု ARSA အင်တာဗျူးတစ်ခုတွင် ပြောခဲ့သည်ကို ထုတ်ဖော်ထားသည်။ ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့က ထိုသို့ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် နိုင်ငံတကာ၏ အာရုံစူးစိုက်မှု၊ အနောက်အာရှ အထူးသဖြင့် ဆော်ဒီနှင့် ယူအေအီး ထောက်ပံ့သူများထံမှ ငွေရရေး၊ ဒေါသထွက်နေသည့် ဘင်္ဂါလီများ ပိုများလာပြီး ၎င်းတို့နှင့် ပူးပေါင်းစေရေး မျှော်လင့်ခဲ့ပြီး ၎င်းတို့မျှော်လင့်ထားသည့်အတိုင်းလည်း ရည်ရွယ်ချက်သုံးခု အောင်မြင်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် နောက်ဆုံးဖြစ်ပွားခဲ့သော ပဋိပက္ခမှာ ARSA အစွန်းရောက်အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ စတင်ပြုလုပ်ခြင်းဖြစ်ကြောင်း လူတိုင်းလူတိုင်း သိရှိခဲ့ကြပြီးဖြစ်သည်။ ထိုပဋိပက္ခကြောင့် ဒေသခံတိုင်းရင်းသားများသာမက ဟိန္ဒူဘာသာဝင်များ၊ မူဆလင်ဘာသာဝင်များပါ အတိဒုက္ခရောက်ကြရသည်မှာ အမှန်ဖြစ်သည်။ အတိဒုက္ခရောက်ကြသော ဒေသခံပြည်သူအားလုံးသည် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ကျယ်ပြန့်လာအောင် ကြိုတင်စီစဉ်ခဲ့သည့် ကစားကွက်ထဲမှ နယ်ရုပ်လေးများသာဖြစ်သည်။

သို့သော် အမှန်တရားကို ဖုံးကွယ်ထားသူများက အဆိုပါဖြစ်စဉ်ကို မည်သည့်အခါမှ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတို့ကိုသာ အတွင်တွင်အခါခါ စွပ်စွဲပြောဆိုနေကြသည်ကို အမှန်တရားကိုထုတ်ဖော်၍ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြောဆိုမှုများဖြင့် အကြိမ်ကြိမ်အခါခါ ပြန်လည်တုံ့ပြန်ခြင်းဖြင့် သဘောပေါက်အောင် ချေဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသား အားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ ပို့ကုန်တိုးမြှင့်ရေးဆွေးနွေး



**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးကျော်ဝင်းသည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ ပို့ကုန်တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်ရန် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ကျွဲ၊ နွား၊ ဝက်နှင့် ကြက်များ ရင်းနှီးမြှုပ်နှံ၍ မွေးမြူထုတ်လုပ်ရေးနှင့် ချေးငွေအထောက်အပံ့ရရှိရေးများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေး ဟောပြော

**ညောင်တုန်း ဒီဇင်ဘာ ၁၂**။ ။ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်လွင်ဦးက စပါးနှံစောစောစိုက်ပျိုးခြင်းဖြင့် သီးနှံထပ်သီးနှံကိုပါ ရာသီမီ စိုက်ပျိုးနိုင်ကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းများအကြောင်းကို ပြောကြားခဲ့ပြီး ဒု-လက်ထောက်ဦးစီးမှူး ဒေါ်စန်းဝိုက်က တောင်သူများ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲရန် အကြောင်းတို့ကို ပြောကြားခဲ့သည်။ တက်ရောက်လာကြသည့် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်(ရွှေဈေး) ၉၁၅၀၀၀ - ၉၁၅၀၀၀၊ မန္တလေး(ရွှေဈေး) ၉၁၅၀၀၀ - ၉၁၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၂၀/၈၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၈၀၅ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၅/၇၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၀ ကျပ်

***၅-၁၂-၂၀၁၇ ရက်နေ့မှ ၁၁-၁၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၂၂ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၄၈ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၃၅ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၈ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၆. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆. ၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၈၄၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၄. ၇၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၉၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၁. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၂၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် ကြည့်ရှုလေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၂**
နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လုမ္ဗိနီမြို့ရှိ ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုမ္ဗိနီဥယျာဉ်တော်ကြီးအား ထိန်းသိမ်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပဏ္ဍိတာရာမ လုမ္ဗိနီအပြည်ပြည်ဆိုင်ရာ သာသနာ့ရိပ်သာသို့ ရောက်ရှိကြပြီး ရိပ်သာအတွင်းရှိ ယောဂီများ တရားအားထုတ်သည့် နေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကျောင်းထိုင်ဆရာတော်နှင့် သီလရှင် ဆရာလေးတို့အား နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကမဏိစူဠာစေတီတော်အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် မြန်မာ့ရွှေကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် အရှင်ဝိဇ္ဇာနန္ဒအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာ မေးမြန်းလျှောက်ထားပြီး နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့မှတစ်ဆင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Kapilvastu ခရိုင်ရှိ ကပိလဝတ်မြို့ဟောင်းသို့ ရောက်ရှိကြပြီး မြို့ဟောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နီပေါနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် Pokhara မြို့သို့ ရောက်ရှိ၍ မြို့တွင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယမန်နေ့ ညနေပိုင်းတွင် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mrs. Bidhya Devi Bhandari နှင့် ခတ္တမန္ဒုမြို့ သမ္မတရုံးဧည့်ခန်းမတွင် တွေ့ဆုံဆွေးနွေးသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းကလည်း နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sher Bahadur နှင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး Mr. Bhimsen Das Pradham နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် Gen. Ranjendra Chhetri နှင့်ဇနီးတို့က ၎င်း၏နေအိမ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**

# တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၂**
ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျခိုင်မာသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် နည်းလမ်းများ၊ အဖြေများဆီသို့ ဦးတည်သည့် ဒေသတွင်းရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ဖြစ်မှုတို့ကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများ၊ အတွေ့အကြုံများ မျှဝေရန် ရည်ရွယ်ကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia – Pacific Water Summit – 3rd APWS) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ စကားဝိုင်းဆွေးနွေးပွဲကို နေရာသုံးခုခွဲ၍ ကျင်းပရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာအခန်းကဏ္ဍ၊ ရေနှင့် သက်ဆိုင်သူများအားလုံးပါဝင်သော ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အာရှ-ပစိဖိတ်ဒေသအတွင်း မြစ်ဖျားမှ မြစ်ဝဆီအထိ ပေါင်းစပ်လုပ်ဆောင်နိုင်သော အခွင့်အလမ်းများ စသည့် ခေါင်းစဉ်များကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ စင်ကာပူနိုင်ငံမှ Senior Minister of the Environment and Water Resources Dr. Amy Khor ၊ တွန်ဂါ (Tonga) နိုင်ငံမှ Chief Executive Officer, Ministry of Meteorology, Energy, Information, Disaster Management,Climate Change and Communications Mr. Paula Ma'u၊ နီပေါနိုင်ငံမှ Vice Chair of National Planning Commission Dr. SwarnimWagle ၊ ဗီယက်နမ်နိုင်ငံမှ Deputy Minister of Natural Resources and Environment Mr. Ngoc Linh Nguyen ၊ ကိုရီးယားနိုင်ငံမှ Assistant Minister of Land , Infrastructure and Transport Mr. Park Jaeheyon၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Daniel Zonshine၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E.Mr.Kapunan Eco Eduardo၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Mr. NicholasCoppel ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E.Dr.Ito Sumard၊ တရုတ်နိုင်ငံမှ Director General, International Cooperation, Science & Technology Dept. of the Ministry of Water Resources Ministry of Water Resources Mr.Zhiguang Liu၊ ဗာနောတူ (Vanartu) နိုင်ငံမှ Acting Director General , Department of Water Mr. Michael John Mangawai၊ ဘူတန်(Bhutan) နိုင်ငံမှ Chief Environment Officer, National Environment Commission , Ms.TenzinWangmo၊ Kyrgyz နိုင်ငံမှ Second Secretary of Department for Analysis and Coordination of Foreign Policy of the Ministry of Foreign Affairs, Mr. Timur Kydyrmyshev၊ Australia Water Partnership မှ Chief Executive Officer Dr. Nick Schoifield၊ International Centre for Water Hazard and Risk Management(ICHARM), Public Works Research Institute (PWRI) Director Dr. Toshio Koike၊ International Centre for Integrated Mountain Development (ICIMOD)Director General Dr. David Molden၊ International Water Management Institute (IWMI) မှ Executive Director Dr. Claudia Sadoff၊ Pacific Water and Wastewater Association (PWWA) မှ Chief Executive Officer Ms. LusiaSefoLeau၊ Chief of Water Sector Group, Sustainable Development and Climate Change Department, Asian Development Bank(ADB)မှ Mr. Tom Panella ၊ President World Water Council ကိုယ်စား Governor Mr.Clausen Joench Torkil၊ Vice Chair of the APWF Governing Council Prof. Simon Tay တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။



မွန်းလွဲပိုင်းတွင် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ နှစ်ရက်တာအတွင်း ဆွေးနွေးသွားကြသည့် ခေါင်းစဉ် ၁၀ ခုတွင် ဦးဆောင်ဆွေးနွေးသူများက ခေါင်းစဉ်အလိုက် ပြန်လည်ခြုံငုံ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် တတိယအကြိမ်မြောက် အာရှ-ပစိဖိတ် ဒေသ ရေထိပ်သီးအစည်းအဝေးမှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် "ရှေ့ဆက်ရမည့် လမ်းစဉ်" ရေဖူလုံရေး ရန်ကုန်ကြေညာစာတမ်းကို အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ တစ်ခဲနက် သဘောတူညီချက်အရ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဒုတိယ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အတည်ပြုထုတ်ပြန်ကြေညာသည်။ **(ရန်ကုန်ကြေညာစာတမ်းကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် Chair of the Joint Steering Committee for the 3rd APWS, Secretary – General of Japan Water Forum as the APWF Secretariat Dr. Kotaro Takemura နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က ယခုညီလာခံကြီးတွင် အရည်အသွေးအရရော၊ ဆွေးနွေးမှုများအရပါ အောင်မြင်ပါကြောင်း၊ အစီအမံ စီမံကိန်းများချမှတ်နိုင်ရန် သင်ယူနိုင်ခဲ့ပါကြောင်း၊ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း နိဂုံးချုပ်မိန့်ခွန်း ပြောကြားကာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံသို့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ပထမအကြိမ်ကို အာရှ-ပစိဖိတ်ရေညီလာခံကို ဂျပန်နိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ထိုင်းနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခုတတိယအကြိမ်မြောက် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၂၇၅၁ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၂၀၅၅၈ ဦး ခန့်ထားပေးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၂**
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အစိုးရအလုပ်အကိုင် ၁၁၉၈ ဦးနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၁၉၃၆၀ စုစုပေါင်း ၂၀၅၅၈ ဦး အလုပ်အကိုင်ရရှိခဲ့သည်။

အလားတူ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၈၂ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၆ ဦး၊ ကိုရီးယားနိုင်ငံသို့ ၁၆၃ ဦး၊ ထိုင်းနိုင်ငံသို့ ၁၂၁၆၀၊ ဂျပန်နိုင်ငံသို့ ၃၁၀၊ ယူအေအီးနိုင်ငံသို့ ၁၆ ဦး၊ ကာတာနိုင်ငံသို့ လေးဦး စုစုပေါင်း ၁၂၇၅၁ ဦး စေလွှတ်ပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းမြတ်ဦး (နေပြည်တော်)**

## ပြင်ဆင်၊ ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ ကော်လံ ၁ ဒုတိယပိုဒ် စာကြောင်းရေ ၃ ပါ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ် မလုံလောက်မှုအပေါ် များစွာ စိုးရိမ်ဖွယ်ရာ ဖြစ်ပါကြောင်း (အစား) **ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၇ ဒသမ ၄ ဘီလီယံခန့်နှင့် အာရှလူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ် မလုံလောက်မှုအပေါ် များစွာစိုးရိမ်ဖွယ်ရာ ဖြစ်ပါကြောင်း**ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။ **သတင်းစဉ်**

# ကိုင်ရိုနှင့် မော်စကိုအကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှု ပြန်လည်စတင်ရန် ရုရှားဘက်မှ အသင့်ရှိဟုဆို

**ကိုင်ရို ဒီဇင်ဘာ ၁၂**
ရုရှားနိုင်ငံ မြို့တော် မော်စကိုနှင့် အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုအကြား တိုက်ရိုက် လေကြောင်း ပျံသန်းမှုကို နှစ်နှစ်တာမျှ ရပ်ဆိုင်းထားခဲ့ပြီးနောက် ပြန်လည်စတင်ရန် ရုရှားနိုင်ငံဘက်မှ အဆင်သင့်ရှိကြောင်း သမ္မတဗလာဒီမာပူတင်က ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

အီဂျစ်နိုင်ငံ ဆိုင်နိုင်းကျွန်းဆွယ်ပေါ်တွင် ရုရှားလေယာဉ်ပျက်ကျမှု ဖြစ်ပေါ်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံအနေဖြင့် ၎င်း၏ လေဆိပ်များတွင် လုံခြုံရေး အထူးကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်နေချိန်အတွင်း မော်စကိုနှင့် ကိုင်ရိုမြို့အကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုကို ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ယခုအခါ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှု ပြန်လည်ပြုလုပ်ရေးကို ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာ အယ်လ်စီစီနှင့်ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် သမ္မတ ပူတင်က ပြောကြားသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ဆိုင်နိုင်းကျွန်းဆွယ်ရှိ ရှမ်အယ်လ်ရှိတ်လေဆိပ်မှ ပျံသန်းထွက်ခွာလာသော ရုရှားခရီးသည်တင်လေယာဉ်တစ်စင်းသည် လေဆိပ်မှပျံတက်ပြီး ခဏအကြာမှာပင်ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူ ခရီးသည်နှင့်လေယာဉ်အဖွဲ့သားစုစုပေါင်း လူ ၂၁၄ ဦးလုံး သေဆုံးခဲ့ရသည်။ လေယာဉ်ပျက်ကျရမှုမှာ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဖြစ်ရကြောင်း ရုရှားနိုင်ငံက ကြေညာခဲ့ပြီး နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုကို ရပ်ဆိုင်းထားခဲ့ရသည်။

အီဂျစ်သမ္မတအယ်လ်စီစီနှင့် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းမှုကို အဆင့်လိုက်စတင်ရန် ဆွေးနွေးခဲ့ကြောင်းနှင့် ရုရှားနိုင်ငံအနေဖြင့် တိုက်ရိုက်လေကြောင်းပျံသန်းမှု ပြန်လည်စတင်ရေးအတွက် အသင့်ရှိကြောင်း ရုရှားသမ္မတက ပြောကြားသည်။

နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှု ပြန်လည်ပြုလုပ်ရေးအတွက် နှစ်နိုင်ငံအစိုးရက သဘောတူညီမှု လက်မှတ်ရေးထိုးရန် လိုအပ်ပြီး မကြာမီကာလအတွင်း လက်မှတ်ရေးထိုးနိုင်ရေး မိမိတို့ ကြိုးပမ်းသွားမည်ဟု သမ္မတပူတင်က ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အီဂျစ်သမ္မတအယ်လ်စီစီတို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ သမ္မတနှစ်ဦးသည် အီဂျစ်နိုင်ငံတွင် ပထမဆုံးအကြိမ် အဏုမြူစွမ်းအင်သုံး ဓာတ်အားပေး စက်ရုံတည်ဆောက်ရေးဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲသို့လည်း တက်ရောက်ခဲ့ကြသည်။ **ဆင်ဟွာ**





# ပညာသင်ကာလနှစ်နှစ်ရှိ ဘွဲ့ဒီဂရီများ အပ်နှင်းပေးရန် ဗြိတိန်အစိုးရ စီစဉ်နေ

**လန်ဒန် ဒီဇင်ဘာ ၁၂**
ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်များ၌ အရှိန်အဟုန်မြှင့်တင်ကာ သင်ကြားပို့ချပေးမည့် နှစ်နှစ်ပညာသင်ကာလရှိ ဘွဲ့ဒီဂရီသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန် မိမိတို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဌာနက ထုတ်ပြန်ကြေညာသည်။

ပုံမှန်အားဖြင့် ပညာသင်ကာလသုံးနှစ်ရှိ ဘွဲ့ဒီဂရီကို ပညာသင်ကာလတစ်နှစ်လျှော့ချကာ အပ်နှင်းပေးရန် ဗြိတိန်ပညာရေးဌာနက စီစဉ်ခြင်းဖြစ်သည်။

အစဉ်အလာအရ ပညာသင်ကာလသုံးနှစ်ရှိရာမှ နှစ်နှစ်သို့လျှော့ချပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများအနေဖြင့် ပညာရေးစရိတ်အမေရိကန် ဒေါ်လာ ၃၄၀၀၀ ခန့် သက်သာရာ ရောက်စေမည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ၌ အစိုးရအဖွဲ့က ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်လျက်ရှိရာ အဆိုပြုချက်များ ပေါ်ထွက်လာပြီး အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ်ကို ဆွေးနွေးတိုင်ပင်မှုများ ပြီးစီးချိန် ဖေဖော်ဝါရီလတွင် ပေါ်ထွက်လာမည်ဖြစ်သည်။

ပညာသင်ကာလကိုလျှော့ချကာ တက်သုတ်ရိုက်သင်ကြားပို့ချပေးမည့် ဘွဲ့ဒီဂရီများသည် အစဉ်အလာအရ အပ်နှင်းပေးသော ဘွဲ့ဒီဂရီများ နည်းတူပင် ပေမီဒေါက်မီ ဘွဲ့ဒီဂရီဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ပညာသင်ကာလ ပိုမိုတိုတောင်းလင့်ကစား ဘွဲ့ဒီဂရီဆိုင်ရာ စံနှုန်းများအရ နိမ့်ကျမည်မဟုတ်ကြောင်း ပညာရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပညာသင်ကာလသုံးနှစ်ရှိ ဘွဲ့ဒီဂရီရရှိရေးအတွက် ကျောင်းသားတစ်ဦး တတိယနှစ်သို့ တက်ရောက်နေချိန်တွင် ပညာသင်ကာလ နှစ်နှစ်ဖြင့် ဘွဲ့ဒီဂရီရရှိထားသူမှာ လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ကာ လစာငွေရရှိနိုင်ပြီဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားသည်။

ပညာသင်ကာလ နှစ်နှစ်ဖြင့် ဘွဲ့ရရှိသူသည် သုံးနှစ်ဖြင့် ဘွဲ့ရရှိသူထက် ကျူရှင်ခဒေါ်လာ ၇၄၀၀ မျှသက်သာမည်ဖြစ်ကြောင်း၊ ဘွဲ့ရရှိပြီးနောက် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သော ပထမနှစ်အတွင်း ပျမ်းမျှဝင်ငွေ ဒေါ်လာ ၂၅၀၀၀ ကို ရရှိနိုင်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ **ဆင်ဟွာ**

# လကမ္ဘာသို့ အမေရိကန် အာကာသယာဉ်မှူးများ ပြန်လည်စေလွှတ်ရန် သမ္မတထရန့် ဆန္ဒရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**
အာကာသစူးစမ်းလေ့လာရေး နယ်ပယ်တွင် ဦးဆောင်နိုင်ငံအဖြစ် အမေရိကန် ဆက်လက်ရပ်တည်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဟု သမ္မတဒေါ်နယ်ထရန့်က ဒီဇင်ဘာ ၁၁ ရက်တွင် သန္နိဋ္ဌာန်ပြု ပြောကြားလိုက်ကြောင်း၊ တရုတ်နိုင်ငံက လစူးစမ်းလေ့လာရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နေချိန်တွင် လကမ္ဘာသို့ အာကာသယာဉ်မှူးများကို ပြန်လည်စေလွှတ်ရန် အမေရိကန်က အစပျိုးဆောင်ရွက်တော့မည် ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အာကာသစူးစမ်းလေ့လာရေးနယ်ပယ်၌ မိမိတို့က ခေါင်းဆောင်ဖြစ်ကြောင်း၊ ယင်းခေါင်းဆောင်နေရာတွင် မိမိတို့ ဆက်လက်ရှိနေစေရန် အာကာသ စူးစမ်းလေ့လာမှုကို ဆတက်ထမ်းပိုးတိုး၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတ ထရန့်က အာကာသရေးရာ မူဝါဒ ညွှန်ကြားချက် အမှတ်(၁)ကို လက်မှတ်ရေးထိုးသည့်အခမ်းအနားတွင်ပြောကြားသည်။

### လက်မှတ်ရေးထိုး

အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး ရည်မှန်းချက်၏ တစ်စိတ်တစ်ဒေသအဖြစ် လကမ္ဘာစူးစမ်းလေ့လာရေး မစ်ရှင်ဆောင်ရွက်ရန် ဖော်ပြသော ညွှန်ကြားချက်ကို သမ္မတ ထရန့်က လက်မှတ်ရေးထိုးခဲ့သည်။



### အုတ်မြစ်ချ

ယခုတစ်ကြိမ်တွင် မိမိတို့၏ နိုင်ငံတော်အလံကို လွှင့်ထူကာ မိမိတို့အာကာသယာဉ်မှူးများ၏ ခြေရာကို ထင်ကျန်စေရုံမျှသာမက အဆုံးတစ်နေ့၌ အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်စေလွှတ်မည့်ခရီးစဉ်အတွက် အခြေခံအုတ်မြစ်တစ်ရပ်ကို ချမှတ်မည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

လကမ္ဘာသို့ လူသားတစ်ဦးစေလွှတ်နိုင်ရေးအတွက် ပဏာမကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဟု တရုတ်နိုင်ငံ အာကာသရေးရာ တာဝန်ရှိသူတစ်ဦးက ဇွန်လအတွင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ရည်မှန်းချက် ကြီးမားစွာဖြင့် လကမ္ဘာသို့ အာကာသယာဉ်မှူးတစ်ဦးကို စေလွှတ်ရန် ရည်ရွယ်ထားသည်။

### တက်ရောက်

အာကာသရေးရာ မူဝါဒညွှန်ကြားချက် အမှတ်(၁) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လကမ္ဘာသို့သွားရောက်ခဲ့သည့် အာကာသယာဉ်မှူးဟောင်းများဖြစ်ကြသော ဘတ်ဇ်အယ်လ်ဒရင်နှင့် အဲရစ်ဆန် ရှမစ်၊ လက်ရှိအာကာသယာဉ်မှူး ပက်ဂီဝှိုက်ဆန်တို့ တက်ရောက်ကြသည်။

### နေထိုင်ခဲ့

ပက်ဂီဝှိုက်ဆန်သည် ဂြိုဟ်ပတ်လမ်းတွင် ရက်ပေါင်း ၆၆၅ ရက်ကြာ နေထိုင်ခဲ့သူအဖြစ် စံချိန်တင်နိုင်သော အမျိုးသမီး အာကာသယာဉ်မှူးတစ်ဦးဖြစ်သည်။ **ရိုက်တာ**

## အိန္ဒိယက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသ၌ ဆီးနှင်းခဲများပြိုကျ၍ စစ်သည်ငါးဦး ပျောက်ဆုံး

**ဆရီနာဂါ ဒီဇင်ဘာ ၁၂**
အိန္ဒိယနိုင်ငံက ထိန်းချုပ်သည့်ကက်ရှ်မီးယားဒေသတွင် ဒီဇင်ဘာ ၁၂ ရက်က ဆီးနှင်းခဲများနှင့် ကျောက်တုံးကျောက်ခဲများ ပြိုကျမှုဖြစ်ပွားရာ အိန္ဒိယကြည်းတပ်မှ စခန်းနှစ်ခု ထိခိုက်ခဲ့ပြီး စစ်သည်ငါးဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆီးနှင်းခဲနှင့် ကျောက်တုံးကျောက်ခဲများပြိုကျမှုသည် ဘန်ဒီပူရာနှင့် ကူပဝါရာခရိုင်အတွင်းရှိ ရှေ့တန်းစခန်းများဖြစ်သည့်ဂူရက်နှင့် နောင်ဂွမ်ဒေသတို့တွင် အသီးသီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကူပဝါရာခရိုင် နောင်ဂွမ်ဒေသတွင် အိန္ဒိယစစ်သည်နှစ်ဦးသည် တောင်စောင်းမှ ခြေချော်ကျခြင်းဖြစ်ပြီး ဘန်ဒီပူရာခရိုင် ဂူရက်ဒေသတွင်မူ အိန္ဒိယတပ်ဖွဲ့စခန်းပေါ်သို့ ဆီးနှင်းနှင့် ကျောက်တုံးကျောက်ခဲများ ပြိုကျမှုဖြစ်ပွားပြီးနောက် တပ်ဖွဲ့ဝင်သုံးဦး ပျောက်ဆုံးနေခြင်းဖြစ်သည်ဟု စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသည့် တပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အခင်းဖြစ်သော နှစ်နေရာတွင် လုပ်ဆောင်ရန် ကယ်ဆယ်ရေးအဖွဲ့များအား အိန္ဒိယစစ်ဘက်က ညွှန်ကြားခဲ့သည်။ ယခုနှစ်အစောပိုင်းက အိန္ဒိယကြည်းတပ်မှ တပ်ဖွဲ့ဝင် ၁၄ ဦးသည် ဘန်ဒီပူရာခရိုင် ဂါဇက် ဒေသတွင် ဆီးနှင်းနှင့် ကျောက်တုံးကျောက်ခဲများ ပြိုကျမှုကြောင့် သေဆုံးခဲ့ကြရသည်။ ဆင်ဟွာ

# တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ရေထိပ်သီးအစည်းအဝေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေဖူလုံရေး ရန်ကုန်ကြေညာစာတမ်း 'ရှေ့ဆက်ရမည့် လမ်းစဉ်'

ကမ္ဘာ့အကြီးမားဆုံးနှင့် တိုးတက်ပြောင်းလဲမှုအများဆုံး နိုင်ငံများပါဝင်သည့် အာရှ-ပစိဖိတ်ဒေသသည် ဆင်းရဲမွဲတေမှု အလျင်အမြန်လျော့ချခြင်းနှင့်အတူတွဲ၍ ဖြစ်ပေါ်လာသည့် အားကောင်းသော တိုးတက်မှုနှင့် ကြုံတွေ့နေရသည်။ သို့သော် အာရှ-ပစိဖိတ်ဒေသတစ်ခုတည်းတွင်ပင်လျှင် လူဦးရေ ၁ ဒသမ ၁ ဘီလီယံနီးပါးသည် ရေနှင့်ပတ်သက်ပြီး ဆိုးရွားလှသည့် အခက်အခဲ၊ အခြေအနေများနှင့် ရင်ဆိုင်နေရသည့်နေရာများတွင် နေထိုင်နေရပြီး သိသာထင်ရှား၍ ထိရောက်သည့် ဆောင်ရွက်ချက်များမလုပ်ပါက ထိုသို့ထိခိုက်ခံစားနေရသည့် လူဦးရေမှာ၂၀၅၀ ပြည့်နှစ်မတိုင်မီ ၄၀ ရာခိုင်နှုန်းကျော် တိုးလာမည်ဟုခန့်မှန်းရပါသည်။ ရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကြီးမားလှသောစိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်နေရပါသည်။ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများအားလုံးတွင် ရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေး တိုးတက်လာစေရန် ရေကိုတန်ဖိုးထားခြင်း၊ ရေအရင်းအမြစ်များကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်မှသာလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ၂၀၃၀ နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ လက်တွေ့အကောင်အထည်ပေါ်မည် ဖြစ်သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျခိုင်မာသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့်နည်းလမ်းများ၊ အဖြေများဆီသို့ဦးတည်သည့် ဒေသတွင်းရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးတိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ဖြစ်မှုတို့ကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများ၊ အတွေ့အကြုံများ မျှဝေရန် ရည်ရွယ်လျက် **တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ရေထိပ်သီးအစည်းအဝေး**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဒီဇင်ဘာလ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ ဤသို့ကျင်းပနိုင်ခြင်းသည် "ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေး" နိုင်ငံတကာလှုပ်ရှားမှုဆယ်စုနှစ် (၂၀၁၈-၂၀၂၈) (International Decade for Action, "Water for Sustainable Development" 2018-2028) ကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်မည့် အာရှ-ပစိဖိတ်ဒေသ၏ ကြိုးပမ်းမှုအဖွင့်နိဒါန်းကို ဖော်ညွှန်းနေပါသည်။

အာရှ-ပစိဖိတ်ဒေသတွင်းမှ ခေါင်းဆောင်များ ဖြစ်ကြသည့် ကျွန်ုပ်တို့သည်-

အထူးသဖြင့် လူသားတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ရေပေးဝေမှုကို တိုးမြှင့်လုပ်ဆောင်လျက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအနက်မှ ရေနှင့် ဆက်နွယ်သည့် ရည်မှန်းချက်များကို ဒေသတစ်ဝန်းလုံးအတွင်း ပြည့်မီအောင်မြင်စေရန်၊ တိုးတက်လာစေရန် အများအပြား အထောက်အကူပြုခဲ့သည့် ဂျပန်နိုင်ငံ Beppu မြို့တွင် ၂၀၀၇ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အာရှ-ပစိဖိတ် ရေထိပ်သီးအစည်းအဝေးအပြီး ၁၀ နှစ်တာကာလအတွင်း ရရှိခဲ့သည့် သိသာထင်ရှားသည့်တိုးတက်မှုများနှင့် ၂၀၁၃ ခုနှစ်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ရေညီလာခံတို့ကို ချီးမြှောက်ဂုဏ်ပြုလျက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ တွင် ပါဝင်သည့် နိုင်ငံတကာက သဘောတူညီထားသော ၂၀၁၅ ခုနှစ်အလွန် ရေဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်နှင့် အထူးသဖြင့် ဝင်ငွေအနိမ့်ဆုံးသောနိုင်ငံများ၊ တောင်ထူထပ်သော နိုင်ငံများနှင့် ပစိဖိတ်ကျွန်းနိုင်ငံများတွင် ရာသီဥတုပြောင်းလဲခြင်းကဲ့သို့သော ရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ မြင့်တက်လာနေသည့် ခြိမ်းခြောက်မှုများ၊ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေသည့် မြို့ပြဒေသများ၊ ကျေးလက်ဒေသများမှ ထိခိုက်ပျက်စီးလွယ်သည့်အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပေါ် အကျိုးသက်ရောက်မှုများ အကြားရှိနေဆဲဖြစ်သော ကွာဟချက်များနှင့်ပတ်သက်ပြီး ဆက်လက်စိုးရိမ်ပူပန်မှုများကို ပြသလျက် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ရင်ဆိုင်နိုင်စွမ်းနှင့် လူမှုစီးပွားတိုးတက်မှုအရည်အသွေးတို့ မြင့်မားလာစေရေးအတွက် ရေနှင့်ဆက်နွယ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး Sendai မူဘောင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တို့ အောင်မြင်ဖြစ်ထွန်းစေရေး ထားရှိထားသည့်ကတိကဝတ်များကို ထပ်လောင်းအတည်ပြုလျက် အထက်ဖော်ပြပါ ခြိမ်းခြောက်မှုများသည် ကမ္ဘာ့လူဦးရေ ၁၀ ဘီလီယံဖြစ်လာမည်ဟုခန့်မှန်းထားသည့် ၂၀၅၀ ပြည့်နှစ်ကာလအထိလည်း ဆက်လက်ပြင်းထန်နေမည်ဖြစ်ပြီး ထိုသို့တိုးတက်လာမည့် လူဦးရေ၏ ထက်ဝက်ကျော်သည် အာရှ-ပစိဖိတ်ဒေသတွင် နေထိုင်နေမည်ဖြစ်သောကြောင့် အာရှ-ပစိဖိတ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာကြီး၏ အနာဂတ်အတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်လာသည်ကို သတိမူလျက် အာရှ-ပစိဖိတ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေဖူလုံမှု၊ ရေဘေးအန္တရာယ်လုံခြုံမှုရရှိအောင်မြင်စေရေး၊ ကျွန်ုပ်တို့၏သန္နိဋ္ဌာန်ကို ဤတွင် ဖော်ပြပြီး **အောက်ပါအချက်များအား ထုတ်ပြန်ကြေညာပါသည်-**

ပထမအကြိမ် အာရှ-ပစိဖိတ် ရေထိပ်သီးအစည်းအဝေးတွင် သဘောတူခဲ့သည့်အတိုင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ ပြီးဆုံးသောအချိန်မတိုင်မီ ငါးနှစ်စော၍ ၂၀၂၅ ခုနှစ်ကို နောက်ဆုံးထားပြီး ဒေသတွင်းအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေသော မြို့ပြဒေသများနှင့် ကျေးလက်ဒေသများပါမကျန် ဒေသတွင်းပြည်သူအားလုံးအတွက် လက်လှမ်းမီသော၊ သန့်ရှင်းသောသောက်သုံးရေနှင့် အခြေခံမိလ္လာစနစ် ဖြည့်ဆည်းပေးရန်၊

ရေဘေးအန္တရာယ်များကို အလေးပေးဖြေရှင်းရန်နှင့် ရေဖူလုံရေး သိသိသာသာတိုးတက်လာစေရန်အတွက် အခြေခံအဆောက်အအုံများနှင့် လူထုအခြေပြုလုပ်ငန်းများတွင် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများကို နှစ်ဆတိုးမြှင့်ရန်၊

ရေအသုံးပြုရာတွင် ထိထိရောက်ရောက်ဖြစ်စေမှု၊ ရေတစ်ယူနစ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား၊ ရေပြန်လည်အသုံးချမှု၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လေ့လာဆန်းစစ်မှုနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချမှု၊ ရေမူဝါဒများနှင့် ရေစီမံအုပ်ချုပ်မှုတို့အတွက် ဆန်းသစ်တီထွင်သော နည်းလမ်းများ၊ အဖြေများပေါ်ထွက်စေရန်၊ မြင့်မားလာနေသောရေလိုအပ်ချက်ကိုပြည့်မီစေရန်၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကိုလျှော့ချရန်၊ မိလ္လာနှင့် ရေဆိုးစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရန်တို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေပညာရေးနှင့် ရေဆိုင်ရာလေ့ကျင့်သင်ကြားပေးခြင်းများကို တိုးတက်လုပ်ဆောင်ရန်၊

တစ်ခုတည်းသောနည်းလမ်း၊ အဖြေမှာအားလုံးနှင့် ကိုက်ညီမှုမရှိနိုင်သည်ကိုအသိအမှတ်ပြု လက်ခံရန်၊ ဒေသတွင်းအသိပညာ၊ ဗဟုသုတစီမံခန့်ခွဲမှုများမှတစ်ဆင့် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများအတွက် ဒေသန္တရအခြေအနေများနှင့် ကိုက်ညီသည့် စီမံဆောင်ရွက်ချက်များကိုအသုံးချရန်၊

သင့်တော်သည့် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်ဆောင်ရွက်မှု နည်းလမ်းများအပါအဝင် ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှုကို အလွှာအားလုံး၌ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးပံ့ပိုးကူညီရန်။

ကျွန်ုပ်တို့သည် ဤ**ရန်ကုန်ကြေညာစာတမ်း "ရှေ့ဆက်ရမည့် လမ်းစဉ်"** ဖြင့် အာရှ-ပစိဖိတ်ဒေသတွင်းရေဖူလုံရေး၊ ရေဘေးအန္တရာယ်လုံခြုံရေးအတွက် တီထွင်ကြံဆဆန်းသစ်မှုများကို ချဲ့ထွင်နိုင်ရန် မျှော်မှန်းလျက် အောက်ပါတို့ကို လုပ်ဆောင်ပါမည်ဟု သန္နိဋ္ဌာန်ချပါသည်-

**ကောင်းမွန်သောရေသံသရာစီမံခန့်ခွဲမှု**

မိုးရေ၊ မြစ်ချောင်းများ၊ မြေအောက်ရေ၊ ရေခဲပြင်၊ သမုဒ္ဒရာများနှင့်ဂေဟစနစ်များကို မြစ်ဝှမ်းဒေသအဆင့် ရေသံသရာခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုနှင့် သက်ဆိုင်ရာမူဝါဒများတွင် ဆက်စပ်သည့်နေရာ၌ ပေါင်းစပ်ပေးခြင်း၊

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရန်အတွက် မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ဝဒေသများအပါအဝင် ရေနှင့်ဆက်နွယ်သော ဂေဟစနစ်များ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်ချက်များ၊ ရေဆိုးစွန့်ပစ်မှုစီမံခန့်ခွဲရေး၊ အစိမ်းရောင်အခြေခံအဆောက်အအုံများနှင့် သဘာဝကိုအခြေခံသည့်နည်းလမ်းနှင့်အဖြေများကိုဖော်ထုတ်မည့် အစီအစဉ်များ ပါဝင်လာစေရေးမြှင့်တင်သည့်ဆောင်ရွက်ချက်များလုပ်ဆောင်ရန်၊

စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် ဆည်ရေပေးဝေမှုလုပ်ငန်းများတွင် ရေတစ်ယူနစ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား မြှင့်တင်ရေးဆောင်ရွက်ရန်၊

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် မြို့ပြနှင့် ကျေးလက်ဒေသအပါအဝင် နိုင်ငံလုံးဆိုင်ရာမြေအသုံးချမှုစီမံကိန်းကို ပေါင်းစပ်ရေးဆွဲလုပ်ဆောင်ရန်။

**စီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု**

သန့်ရှင်းပြီးရေရှည်ရရှိနိုင်မည့် သောက်သုံးရေပေးဝေရေးနှင့် မိလ္လာနှင့် ရေဆိုးစီမံခန့်ခွဲမှု ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေး၊ တိုးချဲ့ရေးတို့အတွက် နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ထိန်းသိမ်းကြီးကြပ်ရေးစနစ်များနှင့် စီမံကိန်းများထူထောင်ရန်။

ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးလွယ်သည့်သူများအား အကာအကွယ်ပေးနိုင်ရန်နှင့် ၎င်းတို့အား ရေဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ပါဝင်နိုင်စေရေးအတွက် လုပ်ဆောင်ပေးရန်၊

ရေနှင့်ဆက်နွယ်သည့် လေ့လာဆန်းစစ်မှုများနှင့် လုပ်ငန်းများတွင် သိပ္ပံနည်းကျလေ့လာဆန်းစစ်မှုနှင့် အင်ဂျင်နီယာ နည်းလမ်းအရ ချဉ်းကပ်မှုများကို ဒေသန္တရနှင့် ရိုးရာအစဉ်အလာဗဟုသုတများနှင့်အတူ လူမှုရေးအမြင်၊ စီးပွားရေးအမြင်တို့နှင့် ပေါင်းစပ်ခြင်းကိုအားပေးရန်၊

သာမန်ပြည်သူများ၊ အထူးသဖြင့်အမျိုးသမီးများ၊ လူငယ်များနှင့်မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများအတွက် ရေနှင့်ပတ်သက်သည့် ကိစ္စများတွင် ပါဝင်လုပ်ဆောင်နိုင်စေရေး စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို စီမံဆောင်ရွက်ရန်နှင့်၊ ရေဆိုင်ရာစီမံအုပ်ချုပ်မှုကို အလွှာအသီးသီး၌ ရေနှင့်ဆက်နွယ်သော ဆုံးဖြတ်ချက် ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရေနှင့်ပတ်သက်ဆက်နွယ်သူများအားလုံး ပါဝင်သည့်မိတ်ဖက်အဖွဲ့များ (multi-stakeholder partnerships)တွင် ရေနှင့် ပတ်သက်ဆက်နွယ်သူများ အားလုံးပါဝင်သည့် စနစ်များဖန်တီးပေးရန်။

ရေအပေါ်ထားရှိသော သဘောထားနှင့် အမူအကျင့်များပြောင်းလဲစေရန် ကျန်းမာရေးအသိပညာပေးခြင်း တိုးမြှင့်လုပ်ဆောင်ရန်နှင့် မိလ္လာစနစ်များ၊ အိမ်သာများရရှိစေခြင်းအားဖြင့် ပထမအကြိမ် အာရှ-ပစိဖိတ် ရေထိပ်သီးအစည်းအဝေးတွင် သဘောတူခဲ့သည့်အတိုင်း ပတ်ဝန်းကျင်သို့ တိုက်ရိုက်အညစ်အကြေးစွန့်ခြင်းအကျင့်ကို ၂၀၂၅ ခုနှစ်မတိုင်ခင် အဆုံးသတ်နိုင်ရန် သက်ဆိုင်သူ၊ အဖွဲ့အစည်းများအားလုံးကိုတိုက်တွန်းခြင်း။

**ရေနှင့်ဆက်နွယ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်း**

အကျိုးသက်ရောက်မှု မြင့်မားပြီး ရေနှင့်ဆက်နွယ်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် အလွှာစုံ၊ အရွယ်အစားစုံတွင် အတိုးနှုန်းနိမ့်ချေးငွေစနစ်များ၊ ကာလရှည်ငွေသားစီးဆင်းမှုနှင့်၊ဆွဲဆောင်မှုရှိသည့် အမြတ်အစွန်းကို ဖြစ်ပေါ်စေသော ဆန်းသစ်တီထွင်ပြီး ရေရှည်ခိုင်မာသည့် ငွေကြေးစာချုပ်များ ဖန်တီးရေး ကူညီထောက်ပံ့ရန်၊

ပြည်သူ့ဘဏ္ဍာရေးပြောင်းလဲပြင်ဆင်ခြင်း၊ ပြည်သူအချင်းချင်းမိတ်ဖက်၊ ပြည်သူနှင့်ပုဂ္ဂလိကမိတ်ဖက်ဖွဲ့စည်းမှုများ ဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးခြင်း၊ ပေါင်းစပ်ဘဏ္ဍာရေးတည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်၊ အုပ်ချုပ်မှုနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ အသုံးပြုခြင်း၊ ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးဆိုင်ရာနည်းလမ်းများကို တီထွင်ဖန်တီးခြင်းစသည့် ဆန်းသစ်တီထွင်မှုရှိသည့်ငွေကြေးဆိုင်ရာနည်းလမ်းနှင့် အဖြေများအား ကျင့်သုံးရန်၊

သဘာဝဘေးအန္တရာယ် ဖြစ်ပွားအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် ထိခိုက်နိုင်ခြေလျှော့ချခြင်းအပါအဝင် အခြေခံအဆောက်အအုံများနှင့် လူထုအခြေပြုလုပ်ငန်းများအတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကိုအာရုံစိုက်ရန်၊

ရေနှင့်ဆက်နွယ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအတွက် ငွေကြေးထောက်ပံ့ခြင်းကို စောင့်ကြည့်သည့် ဒေသတွင်းစနစ်တစ်ခုဖန်တီးရန်၊ နိုင်ငံတစ်ခုခြင်းနှင့် နိုင်ငံတကာလှုပ်ရှားမှုများ လိုက်ဖက်ညီညွတ်စေခြင်း၊ ပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်များကို အားပေးဆွဲဆောင်ရန်။

အာရှ-ပစိဖိတ် ရေဖိုရမ်(APWF)သည် ဒေသတွင်းရေဖူလုံရေး၊ ရေဘေးလုံခြုံရေးဆိုင်ရာ ဖြေရှင်းမှုများအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပံ့ပိုးကူညီရေး ဦးဆောင်အဖွဲ့အစည်းဖြစ်သည့်အလျောက် အောက်ပါတို့ကို လုပ်ဆောင်ရန် APWFအား ကျွန်ုပ်တို့ တောင်းဆိုပါသည်-

**အလွှာအားလုံး၌ ရေနှင့်ပတ်သက်သည့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း**

လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းချက် (Call for Action) နှင့် အတူတွဲထွက်ပေါ်လာသည့် ဤရန်ကုန်ကြေညာစာတမ်းပါ **"ရှေ့ဆက်ရမည့် လမ်းစဉ်"**ကို ကမ္ဘာ့ဖိုရမ်များနှင့် ဒေသတွင်းဖိုရမ်များတွင် တင်ပြရန်၊

ရေဆိုင်ရာအဆင့်မြင့်ပုဂ္ဂိုလ်များအဖွဲ့ (HLPW) ၏နောက်ဆုံးထွက်ရှိလာသော ရလဒ်များတွင် ဒေသတွင်းခိုင်မာတိကျသည့် အချက်အလက်များ ထည့်သွင်းခြင်း၊

အဆိုပြုထားသော အာရှဒေသတွင်းရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရှုမြင်သုံးသပ်ချက် (Asian Water Outlook)ကို အာရှ-ပစိဖိတ်ဒေသတွင်း ရေဖူလုံရေး၊ ရေဘေးလုံခြုံရေးအခြေအနေအား လက်ရှိလေ့လာဆန်းစစ်မှုတစ်ခုအဖြစ် အထောက်အကူပေးရန်၊

၂၀၁၈ ခုနှစ် မတ်လတွင် ဘရာဇီးနိုင်ငံ မြို့တော် Brasilia ၌ ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ် (8th World Water Forum) အတွက် အာရှ-ပစိဖိတ်ဒေသ၏ ကူညီပံ့ပိုးမှုကိုဦးဆောင်ခြင်း၊

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့်အပြည်ပြည်ဆိုင်ရာ ရေရက်သတ္တပတ် (Singapore International Water Week) လှုပ်ရှားမှုများတွင် တီထွင်ကြံဆ၊ ဆန်းသစ်မှုများအတွက် လှုံ့ဆော်ရန်၊ လက်တွေ့အလုပ်ဖြင့် ဦးဆောင်ရန်၊

စတော့ဟုမ်းကမ္ဘာ့ရေရက်သတ္တပတ် (Stockholm World Water Week) အတွက် အာရှ-ပစိဖိတ်ဒေသ၏ ကူညီထောက်ပံ့ရေးအတွက် ညှိနှိုင်းဆောင်ရွက်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေရန်၊

တတိယအကြိမ်မြောက် ရေထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ လက်ခံကျင်းပပေးသည့်အတွက်နှင့် တက်ရောက်လာသောဧည့်သည်တော်များအားလုံးကို နွေးထွေးပျူငှာမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအား ကျွန်ုပ်တို့အားလုံးက လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း တညီတညွတ်တည်း ဖော်ပြအပ်ပါသည်။ ။

# မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ

## ကျော်စိန်(ဇလွန်)

*(ယမန်နေ့မှအဆက်)*

**ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်) သည် အဓိကအားဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဝါဒ သဘောထားများနှင့် ကိုက်ညီမှုမရှိသည့်အပြင် ယင်းအခြေခံ ဥပဒေဖြင့် ဆက်လက်ကျင့်သုံးခြင်း မပြုနိုင်သဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အဖွဲ့ဝင် ၉၇ ဦး ပါဝင်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပထမအကြိမ် ပါတီညီလာခံက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ၊ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ချက်များနှင့် နိုင်ငံသားများ၏ ဆန္ဒ သဘောထားနှင့် အကြံပေးချက်များကို အခြေခံ၍ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ စ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပထမ မူကြမ်း၊ ဒုတိယမူကြမ်းနှင့် တတိယမူကြမ်းများကို ပြည်သူများအား ချပြဆွေးနွေးပြီး ပြည်သူ့ဆန္ဒသဘောထားများကိုရယူကာ ရေးဆွဲခဲ့သည်။

တော်လှန်ရေးကောင်စီ၏ ၁၆-၈-၇၃ ရက်စွဲပါ ကြေညာချက် (အမှတ် ၁၀၅/၇၃) ဖြင့် ၁၉၇၃ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေ ပုဒ်မ ၅ (၁) အရ အဖွဲ့ဝင် ၂၆ ဦး ပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

တော်လှန်ရေးကောင်စီ၏ ၂-၁၁-၇၃ ရက်စွဲပါ ကြေညာချက် (အမှတ် ၁၀၆/၇၃) ဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း)ကို ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ၁၇-၁၂-၇၃ ရက်စွဲပါ ကြေညာချက် (အမှတ် ၁၀၇/၇၃) ဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

တော်လှန်ရေးကောင်စီ၏ ၂၆-၁၂-၇၃ ရက်စွဲပါ ကြေညာချက် (အမှတ် ၁၀၉/၇၃) ဖြင့် နိုင်ငံတော်အလံ အရွယ်၊ အရောင်၊ အချိုးအစား စသည်တို့ကို သတ်မှတ်နိုင်ရန် ထုတ်ပြန်ကြေညာခဲ့သည်။

၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဆိုင်ရာ ဥပဒေ (အမှတ် ၉/၁၉၇၃)ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူခဲ့ပြီး ရာခိုင်နှုန်းပြည့် နီးပါး ထောက်ခံချက်အရ တော်လှန်ရေးကောင်စီ၏ ၃-၁-၇၄ ရက်စွဲပါ ကြေညာချက် (အမှတ် ၁၁၀/၇၄) ဖြင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ ဥပဒေပြုအဖွဲ့မှာ ပြည်သူ့လွှတ်တော်တစ်ရပ်တည်းရှိပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ပါတီစနစ် ကျင့်သုံးခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း (၁၆) ခန်းနှင့် ပုဒ်မပေါင်း ၂၀၉ ခု ပါဝင်သည်။ ထိုအခြေခံဥပဒေပုဒ်မ ၁၉၈ တွင် ရုံးသုံးစာအဖြစ် မြန်မာစာကို အသုံးပြုရမည်ဖြစ်ပြီး လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းရင်းသားစာကိုလည်း အသုံးပြုနိုင်သည်ဟုပါရှိသည်။

၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ (ခ) ပါ **“ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများသည် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”** ဟူသော ပြဋ္ဌာန်းချက်အရ ယခင် ခေတ်အဆက်ဆက်မှ တည်ဆဲဥပဒေများသည် ဆက်လက်၍ အာဏာတည်ခဲ့သည်။

> **“ပုဒ်မအချို့ကို ပြင်ဆင်ရန်ရှိလျှင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင် ရန် သဘောတူပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် သာ ပြင်ဆင်ရမည်ဟု. . .”**

ထို ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အခန်း (၁၅)၊ ပုဒ်မ ၁၉၄ (က) တွင် အခန်း (၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း(၄) နှင့် အခန်း (၁၅) တို့ပါ သတ်မှတ်ထားသော ပုဒ်မအချို့ကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းက သဘောတူပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း၊ ထိုပုဒ်မ ၁၉၄ (ခ) တွင် အထက်ဖော်ပြပါ ပုဒ်မများမှအပ အခြားပုဒ်မများကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် ပြင်ဆင်ရန် ခက်ခဲသည့်အခြေခံဥပဒေ ဖြစ်သော်လည်း ၂၀၀၈ ခုနှစ် အခြေခံဥပဒေကဲ့သို့ ပြင်ဆင်ရန် လွန်စွာခက်ခဲသည့် အခြေခံဥပဒေမျိုးမဟုတ်ကြောင်း တွေ့ရှိရသည်။

ထို ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၁၉၄ (ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၁/၁၉၈၁) ဖြင့် လည်းကောင်း ပြင်ဆင်သည့် ဥပဒေ (အမှတ် ၁/၁၉၈၅) ဖြင့်လည်းကောင်း ပြင်ဆင်ခဲ့သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၁/၁၉၈၁) ဖြင့် ပုဒ်မ ၄၃ ပါ ပြည်သူ့လွှတ်တော် ပုံမှန်သက်တမ်းကို အစားထိုးခြင်း၊ ပုဒ်မ ၆၂ ကို ပယ်ဖျက်ခြင်း၊ ပုဒ်မ ၁၈၂ (က) ပါ စကားရပ်နှင့် ပုဒ်မ ၁၈၂ (ဂ)၊ ပုဒ်မ ၁၈၃ (က) နှင့် ပုဒ်မ ၂၀၉ (က) တို့ကို အစားထိုးခြင်းတို့ပြုသည်။ ထို့ပြင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (အမှတ် ၁/၁၉၈၅) ဖြင့် ပုဒ်မ ၅၇ ကို ပယ်ဖျက်ခြင်း၊ ပုဒ်မ ၆၅၊ ၆၆၊ ၆၉ နှင့် ပုဒ်မ ၇၃ (ဃ) နှင့် (င) တို့ကို အစားထိုးခြင်းတို့ ပြုသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)**

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်က ဆိုရှယ်လစ်စီးပွားရေး စနစ်ကို အောင်မြင်စွာ အကောင်အထည် မဖော်နိုင်သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးချွတ်ခြုံကျပြီး အုပ်ချုပ်ရေးယန္တရားများပါ လျော့ရဲယိုယွင်းလာသည့် အတွက် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းများ ဖြစ်ပေါ်လာခဲ့ပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၈-၉-၁၉၈၈ ရက်စွဲပါ ကြေညာချက် (အမှတ် ၁/၈၈) ဖြင့် နိုင်ငံတော် တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီ ထိန်းသိမ်းနိုင်ရန် ပြည်သူပြည်သား အားလုံးအတွက် တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူကြောင်း ကြေညာခဲ့သည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို တည်ဆောက်ပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီ ထွန်းကားရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သောကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂-၁၀-၁၉၉၂ ရက်စွဲပါ အမိန့်အမှတ် ၁၃/၉၂ ဖြင့် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ စ၍ ၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ ၆ ကြိမ်ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သည့် အခန်းခေါင်းစဉ်များ၊ အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲအခန်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခန်းများအတွက် ဖွဲ့စည်းမှုအပိုင်းတို့ကို အသေးစိတ်အခြေခံရမည့် အခြေခံမူများ ချမှတ်ခဲ့သည်။ ထို့နောက် အမျိုးသားညီလာခံ အစည်းအဝေးများကို ယာယီ ရပ်နားခဲ့သည်။

ထို့နောက် နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရန်နှင့် အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရန် အလို့ငှာ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ကြေညာချက် (အမှတ် ၁/၉၇) ဖြင့် ဖွဲ့စည်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ကို ရုပ်သိမ်းခဲ့ပြီး ထိုနေ့မှာပင် ကြေညာချက် (အမှတ် ၂/၉၇) ဖြင့် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် နိုင်ငံရေး လမ်းပြမြေပုံ (Road Map) ဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇) ရပ်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တရားဝင်ကြေညာခဲ့ပြီး အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့၌ ပြန်လည်ကျင်းပခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် စပ်လျဉ်း၍ -

(က) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေအမှတ်(၁/၂၀၀၈) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများ အမှတ် (၁/၂၀၀၈) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကြေညာချက် အမှတ်(၃/၂၀၀၈) ဖြင့် ဖွဲ့စည်းခဲ့သည်။

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ထိုနေ့ရက်တွင်ပင် နာဂစ်မုန်တိုင်းဒဏ်ခံ မြို့နယ် ၄၇ မြို့နယ်မှအပ နိုင်ငံတစ်ဝှမ်းလုံး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။

(င) နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသအဖြစ် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် ကြေညာချက် အမှတ် (၄/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုဒေသများတွင် မေလ ၂၄ ရက်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည်ဖြစ်ကြောင်း ၆-၅-၂၀၀၈ ရက်နေ့တွင် ကြေညာခဲ့ပြီး ထိုမေလ ၂၄ ရက်နေ့၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က ကြေညာချက် အမှတ် (၁၂/၂၀၀၈) အရ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်များတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရာ၌ ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ကြေညာချက်အပေါ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ကြေညာချက် အမှတ် (၇/၂၀၀၈) ကို ထုတ်ပြန်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေပုဒ်မ ၂၃ အရ ကြေညာခဲ့ပါသည်။ ထို ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များကိုလည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကို လည်းကောင်း ခွဲဝေအပ်နှင်းထားသည်။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းပြီး ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့် အခြေခံဥပဒေဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခန်းပေါင်း (၁၅) ခန်း၊ ပုဒ်မပေါင်း ၄၅၇ ပါရှိပြီး ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစာရင်း၊ ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း၊ ဇယား (၃) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုစာရင်းတို့ အပါအဝင် ဇယား ငါးခုကို ထည့်သွင်း ပြဋ္ဌာန်းထားသည်။

ထိုဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၄၆ ပါ **“တည်ဆဲ ဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည် ဖြစ်သည်”** ဟူသော ပြဋ္ဌာန်းချက်အရ ယခင်ခေတ်အဆက်ဆက်မှ တည်ဆဲဥပဒေများ သည် ဆက်လက်၍ အာဏာတည်ခဲ့သည်။

ထို့ပြင် အခြေခံဥပဒေ ပုဒ်မ ၄၄၇ အရ တည်ဆဲ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်အတည်ဖြစ်လျက်ရှိသည်။

ထို ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အခန်း (၁၂)၊ ပုဒ်မ ၄၃၆ (က) တွင် အခန်း (၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း (၆)၊ အခန်း (၁၁) နှင့် အခန်း (၁၂) တို့ပါ သတ်မှတ်ထားသော ပုဒ်မအချို့ကို ပြင်ဆင်ရန်ရှိလျှင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း၊ ထိုပုဒ်မ ၄၃၆ (ခ) တွင် အထက်ဖော်ပြပါ ပုဒ်မများမှအပ အခြားပုဒ်မများကို ပြင်ဆင်ရန်ရှိလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

**စာမျက်နှာ ၇ သို့** ❖

# ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ညစာစားပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ကြရာ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei AL Emadi က ကြိုဆိုနှုတ်ဆက်သည်။

ကာတာနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



**သတင်းစဉ်**

# မွန်ပြည်နယ်တရားလွှတ်တော်တွင် စာတမ်းဖတ်ပွဲကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၂**

စာတမ်းဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် စာတမ်းဖတ်ပွဲ သဘာပတိအဖြစ် ဆောင်ရွက်သူ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် မွန်ပြည်နယ် တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိအောင်က "တရားစီရင်ရေး မဏ္ဍိုင်ကြီး ခိုင်မြဲသည်ထက် ခိုင်မြဲစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး" ခေါင်းစဉ်ပါ စာတမ်းကိုလည်းကောင်း၊ မော်လမြိုင်ခရိုင် တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်နွဲ့နွဲ့ဦးက "ပြည်သူ့အတွက် ရှေ့ပြေးတရားရုံး" ခေါင်းစဉ်ပါ စာတမ်းကိုလည်းကောင်း၊ သထုံခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်လှဲ့လှဲ့ဝင်းက "တရားမမှုခင်းများ လက်ခံခြင်း၊ ကြားနာစစ်ဆေးခြင်း၊ စီရင်ဆုံးဖြတ်ခြင်း၊ ချမှတ်သောဒီကရီနှင့်အညီ အတည်ပြုဆောင်ရွက်ခြင်း" ခေါင်းစဉ်ပါ စာတမ်းတို့ကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းဆွေးနွေးကြသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြပြီး သဘာပတိပြည်နယ်တရားရေးဦးစီးမှူးက ဖတ်ကြားတင်သွင်းခဲ့ကြသော စာတမ်းများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး ရှင်းလင်းပြောကြားခဲ့သည်။

**၁၀၇**



# သစ်မျိုးတစ်ခုတည်း ဧရိယာပမာဏများပြားစွာ စိုက်ပျိုးထားခြင်းကြောင့် ရောဂါပိုးကျရောက်မှု ပိုမိုဖြစ်ပွားနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သဲဖြူကျေးရွာအနီးရှိ ကျောက်စိမ်းဘုရင်နှင့် ဘုရင်မကျောက်မျက်ရတနာ ကုမ္ပဏီပိုင် ပုဂ္ဂလိက ကျွန်းစိုက်ခင်းအား သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ ကုမ္ပဏီမှတာဝန်ရှိသူများက ကျွန်းစိုက်ခင်းဧရိယာ ၁၄၈၉၉ ဧက စိုက်ပျိုးတည်ထောင်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက သစ်မျိုးတစ်ခုတည်းအား ဧရိယာပမာဏများပြားစွာ စိုက်ပျိုးထားခြင်းဖြစ်သဖြင့် ရောဂါပိုးကျရောက်နိုင်ခြေ အလွန်မြင့်မားကြောင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် သစ်တောစိုက်ခင်းများအတွင်း ရောဂါပိုးကျရောက်မှုများ ပိုမိုဖြစ်ပွားနိုင်သဖြင့် အထူးဂရုစိုက်ရန်လိုအပ်ကြောင်း၊ စိုက်ခင်းတစ်ခုနှင့် တစ်ခုအကြားတွင် သစ်မာပင်များ စိုက်ပျိုးထားခြင်းဖြင့် ရောဂါပိုးကျရောက်မှုဒဏ်ကို ကာကွယ်နိုင်ကြောင်း ပြောကြားသည်။

မြေဆီလွှာညံ့ဖျင်းသည့် နေရာများတွင် ကျွန်းစိုက်ခင်းနှင့်အတူ မြေဆီလွှာကောင်းမွန်စေသည့် ပဲမျိုးရင်းဝင် အပင်များထည့်သွင်းစိုက်ပျိုးရေး၊ စိုက်ခင်းမှထွက်ရှိလာမည့် ကျွန်းပင်ကျပ်တိုင်များအတွက် ဈေးကွက်ရှာဖွေရေး၊ ပင်ကျပ်တိုင်များမှ ခွဲသားများ ခွဲစိတ်ထုတ်လုပ်နိုင်သည့်စက်များအား စိုက်ခင်းအတွင်း တည်ထောင်ခွင့်အား သစ်တောဦးစီးဌာနမှ ကုန်ကြမ်းထုတ်လုပ်နိုင်သည့်ပမာဏအပေါ်မူတည်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ကျွန်းစိုက်ခင်းအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်ပျိုးပင်များရရှိရန် အပင်ပိုင်းမျိုးပွားနည်းစနစ်တစ်ခုဖြစ်သော Hedge Garden စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးပင်များအားလည်းကောင်း၊ နံ့သာနီစိုက်ခင်းအားလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ၂၀၀၉ ခုနှစ် ကျွန်းစိုက်ခင်း ဧက ၅၀၀ နှင့် ၂၀၁၀ ခုနှစ် ကျွန်းစိုက်ခင်း ဧက ၂၀၀၀ တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းရုံး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

**ဘီးလင်း ဒီဇင်ဘာ ၁၂**

ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ အထက (ခွဲ) ကျောင်း သူရိယစန္ဒာခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ဘီးလင်းမြို့နယ် မမစမှူး ဒုရဲမှူး အောင်ဝင်းစိန်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပြစ်မှုများ မဖြစ်ပွားစေရေးတို့အတွက် မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ရွှေကူ ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန်းထွန်းဝင်းသည် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံပြီး ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန်၊ ပြည်နယ်တရားရုံးအတွင်း စစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးမည်ကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ လုပ်ငန်းအခက်အခဲများရှိပါက တင်ပြကြရန်နှင့် ဝန်ထမ်းများ စည်းလုံးစွာဖြင့် အလုပ်လုပ်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးယဉ်ခိုင်က ရှင်းလင်းတင်ပြပြီး လုပ်ငန်းအရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

❖ စာမျက်နှာ ၆ မှ

အဆိုပါပြဋ္ဌာန်းချက်အရ ၂၀၀၈ ခုနှစ် အခြေခံဥပဒေသည် ပြင်ဆင်ရန် ခက်ခဲသည့် အခြေခံဥပဒေမျိုးဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များထဲ၌ တပ်မတော်မှ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေလျက်ရှိရာ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံသည့်အပြင် တပ်မတော်သား ကိုယ်စားလှယ်များထဲမှ တစ်ဦးတစ်ယောက်က ထောက်ခံမဲပေးမှသာလျှင် ပြင်ဆင်နိုင်မည်ဖြစ်သဖြင့် ပြင်ဆင်ရန် ခက်ခဲသည့် အခြေခံဥပဒေမျိုးတွင် ပါဝင်လျက်ရှိသည်။ ထို့ပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲရယူရန်မှာလည်း မလွယ်ကူသဖြင့် ဤ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန် ခက်ခဲသည့် အခြေခံဥပဒေဖြစ်ကြောင်း နှိုင်းယှဉ်လေ့လာ၍ သိရှိရသည်။

ပြောင်းလဲလာသည့် အခြေအနေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ (အမှတ် ၂/၂၀၁၅) အား ၁၀-၂-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ (အမှတ် ၃၆/၂၀၁၅) အား ၂၅-၆-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ပြင်ဆင်သည့် ဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ ပုဒ်မ ၁၁ (က) တွင် အသက် ၁၈ နှစ် ပြည့်သူ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်း မဲစာရင်းတွင် ထည့်သွင်းပြီး ဆန္ဒမဲပေးခွင့်အတွက် အစားထိုး ပြင်ဆင်ခြင်းဖြစ်သည်။

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (အမှတ် ၄၅/၂၀၁၅) ဖြင့် ထို အခြေခံဥပဒေ ဇယား (၂)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ အပိုဒ် ၁၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် အပိုဒ်ခွဲ (ဋ) ၏ နောက်၌ အပိုဒ်ခွဲ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ)၊ (ထ) နှင့် (ဒ)တို့အဖြစ် ဖြည့်စွက်ခြင်း၊ အပိုဒ် ၂ စီးပွားရေးကဏ္ဍတွင် အပိုဒ်ခွဲ (ဂ) နောက်၌ အပိုဒ်ခွဲ (ဃ) နှင့် (င) တို့အဖြစ် ဖြည့်စွက်ခြင်း၊ အပိုဒ် ၃ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အပိုဒ်ခွဲ (ဆ) နောက်တွင် အပိုဒ်ခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) နှင့် (ဌ) တို့ဖြင့် ဖြည့်စွက်ခြင်း၊ အပိုဒ် ၄ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် အပိုဒ်ခွဲ (င) နောက်တွင် အပိုဒ်ခွဲ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့အဖြစ် ဖြည့်စွက်ခြင်း၊ အပိုဒ် ၅ စက်မှုလက်မှုကဏ္ဍတွင် အပိုဒ်ခွဲ (ခ) နောက်၌ အပိုဒ်ခွဲ (ဂ) အဖြစ် ဖြည့်စွက်ခြင်း၊ အပိုဒ် ၆ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် အပိုဒ် (ဂ) ၏ နောက်တွင် အပိုဒ်ခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဇ) တို့အဖြစ် ဖြည့်စွက်ခြင်း၊ အပိုဒ် ၇ လူမှုရေးကဏ္ဍတွင် အပိုဒ်ခွဲ (ဆ) နောက်တွင် အပိုဒ်ခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ) နှင့် (ဍ) အဖြစ် ဖြည့်စွက်ခြင်း၊ ဇယား (၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ၌ ပါရှိသော အပိုဒ် ၁၉ နောက်တွင် အပိုဒ် ၂၀ မှ ၃၉ အထိ ဖြည့်စွက်ခြင်းတို့ ပြုခဲ့သည်။

**နိဂုံး**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးလျက်ရှိသည့် ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ပြင်ဆင်ရန် ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြောင်းလဲလာသည့် ခေတ်စနစ် အခြေအနေများအရ အကြိမ်ကြိမ် ပြင်ဆင်ချက်များနှင့် အသစ်ရေးဆွဲပြဋ္ဌာန်းမှုများ ရှိခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးစနစ်တို့၏ ဖြစ်ပေါ်ပြောင်းလဲမှုကို အခြေခံ၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှကိုလိုနီဘဝမှစ၍ ခေတ်အဆက်ဆက် အုပ်ချုပ်သူတို့က ၎င်းတို့၏ လိုအင်ဆန္ဒနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောသက်ရောက်သော အက်ဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြောင်းလဲလာသော အခြေအနေအရ ပြင်ဆင်ခြင်းတို့ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်) ကို ပါလီမန်က (၇) ကြိမ် အပါအဝင် လွှတ်တော် ဥက္ကဋ္ဌအဆိုပြုချက်အရ (၅) ကြိမ်နှင့် တင်သွင်းသည့် အဆိုပြုချက်အပေါ် တိုင်းပြည်ပြုလွှတ်တော်၏ ဆုံးဖြတ်ချက်အရ တစ်ကြိမ် စုစုပေါင်း (၁၃) ကြိမ်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄ ခုနှစ်)ကို (၂)ကြိမ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ယနေ့အထိတစ်ကြိမ် ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ နောင် အနာဂတ်တွင်လည်း ပြောင်းလဲလာသောအခြေအနေများအရ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး ပိုမိုဖြစ်ထွန်းမည်ဆိုပါက ထိုသို့ ပိုမိုဖြစ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ ပြုလုပ်ရန်ရှိလာပါက မှန်ကန်သည့် မူဘောင်များချမှတ်ပြီး ဘက်စုံထောင့်စုံမှ လေ့လာဆန်းစစ်၍ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ရသစာပေများကြောင့် လောကအကြောင်း၊ ဘဝအကြောင်း ကောင်းကောင်းသိမြင်ပြီး ရင့်ကျက်သူများ ဖြစ်လာ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ ဆောင်ပုဒ်နှင့် အညီကျင်းပသည့် စာပေညီလာခံ (၂၀၁၇) ဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့ စင်မြင့်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ စာပေညီလာခံ (၂၀၁၇) ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးဦးတို့က မြို့တော်ခန်းမပေါ်ရှိ LED စာပေညီလာခံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**



ယင်းနောက် စာပေညီလာခံ(၂၀၁၇) သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့် သဝဏ်လွှာကို စာရေးဆရာမ ခင်သန္တာက ဖတ်ကြားသည်။

**အသင်းအဖွဲ့ ၁၁ ဖွဲ့ ပေါ်ပေါက်**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က အမှာစကားပြောကြားရာတွင် ဒီကနေ့ဟာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စာပေအဖွဲ့အစည်း ၁၁ ခု စုစည်းပြီး မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ မပေါ်ပေါက်ခဲ့ဖူးတဲ့ စာပေညီလာခံကြီးတစ်ရပ်အောင်မြင်စွာ ဖွင့်လှစ်ကျင်းပနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်သတိပြုမိတဲ့ ထူးခြားချက်တစ်ရပ်ကို ပြောချင်ပါတယ်။ အဲဒါက (၁)အချက် လွတ်လပ်ပွင့်လင်းလာတဲ့ ကာလဖြစ်လို့ ယုံကြည်မှုတူညီရာ၊ စိတ်ဝင်စားမှုတူညီရာ စာပေသမားအချင်းချင်းစုဖွဲ့ပြီး စာပေအသင်းများ လွတ်လပ်စွာဖွဲ့စည်းကြတယ်။ ဒါကြောင့် အသင်းအဖွဲ့ ၁၁ ဖွဲ့ပေါ်ပေါက်လာတယ်။ (၂)အချက် အသင်းအဖွဲ့တွေ ကွဲပြားသော်လည်း မြန်မာစာပေအကျိုးဆိုတဲ့ တူညီသောအကြောင်းအရာပေါ်မူတည်ပြီး မတူတဲ့အဖွဲ့ ၁၁ ဖွဲ့ စုပေါင်းဆောင်ရွက်ကြတယ်။ (၃)အချက် အဲဒီရဲ့ရလဒ်အဖြစ် စာပေညီလာခံ (၂၀၁၇) ပေါ်ပေါက်တယ်။ ဒါဟာ အစုအဖွဲ့တွေ အကွဲကွဲအပြားပြား၊ သီးခြားစီနေတတ်ကြတဲ့ မြန်မာနိုင်ငံအတွက် စာပေသမားများက ပြသပေးလိုက်တဲ့ ထူးခြားကောင်းမွန်တဲ့ နမူနာတစ်ရပ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။

**လွတ်လပ်စွာ စုဝေးတိုင်ပင်**

ဒီကနေ့ (၂၀၁၇) ညီလာခံဟာ "လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လွတ်လပ်စွာကျင်းပတဲ့ ညီလာခံဖြစ်တယ်ဆိုတာ အလေးအနက်ပြောချင်ပါတယ်။ လွတ်လပ်သောစာပေအဖွဲ့အစည်းများ၊ လွတ်လပ်သော စာပေသမားများ၊ လွတ်လပ်စွာ စုဝေးတိုင်ပင်ကြမယ့် ဒီစာပေညီလာခံမှာ ဘာတွေဆွေးနွေးကြမလဲ၊ ဘယ်လိုဆွေးနွေးကြမလဲ။ စာရေးဆရာတစ်ဦးအနေနဲ့ ကျွန်တော့်အမြင်တချို့ကို တင်ပြချင်ပါတယ်။

ဒီကနေ့စာပေညီလာခံမှာ စာပေအဖွဲ့အစည်း ၁၁ ဖွဲ့နဲ့ အဖွဲ့အစည်းဝင်မဟုတ်တဲ့ တစ်ဦးချင်းသော စာပေသမားတွေ တက်ရောက်ကြတာဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်အဖွဲ့အစည်းတွေအနေနဲ့ အချို့သောကိစ္စတွေမှာ တူညီသောဆန္ဒ၊ တူညီသောအမြင်များရှိနိုင်သော်လည်း တချို့ကိစ္စတွေမှာတော့ လုံးဝဆန့်ကျင်ကွဲလွဲနေတာမျိုးလည်း ရှိနိုင်တယ်။ ဒ့ီအပြင် တချို့ကိစ္စမှာ တစ်စုတစ်ဖွဲ့က စိတ်အားထက်သန်နေသော်လည်း နောက်တစ်စုတစ်ဖွဲ့က စိတ်မဝင်စားတာ၊ အရေးကြီးတယ်လို့ မယူဆတာ၊ ဆွေးနွေးဖို့ ခေါင်းစဉ်မတင်ချင်တာမျိုးလည်း ရှိနိုင်ပါတယ်။

**မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး**

ကျွန်တော့်အနေနဲ့ကတော့ စာပေသမားများသည် လွတ်လပ်မှုကို နှစ်သက်သူများပီပီ သူတစ်ပါးနဲ့မတူညီသော မိမိအယူအဆများကို လွတ်လပ်စွာတင်ပြကြသလို မိမိနဲ့အယူအဆမတူသူဘက်က လွတ်လပ်စွာတင်ပြမှုကိုလည်း သည်းခံနိုင်သူများ ဖြစ်တဲ့အကြောင်း၊ မတူတဲ့အဖွဲ့အစည်းတွေ စုပေါင်းပြီး ဒီညီလာခံကြီးကျင်းပနိုင်ခဲ့သလို မတူတဲ့အယူအဆများအကြား ညှိနှိုင်းပြီး အများလက်ခံနိုင်တဲ့ သဘောတူညီချက်များကို ရယူနိုင်သူများဖြစ်ကြောင်းလည်း ဒီညီလာခံဆွေးနွေးပွဲများကတစ်ဆင့် တိုင်းပြည်ကို ပြသနိုင်စေချင်ပါတယ်။

နောက်တစ်ခုပြောချင်တာက အခုလိုခမ်းနားကြီးကျယ်စွာကျင်းပတဲ့ စာပေညီလာခံကနေ ခိုင်မာသောအကျိုးရလဒ်များရရှိဖို့ ဖြစ်ပါတယ်။

ညီလာခံပြီးတာနဲ့ အကျိုးရလဒ်တွေ ချက်ချင်းပီပြင်ထင်ရှားမှာတော့ မဟုတ်ပါဘူး။ သို့သော် ညီလာခံသည် အကျိုးရလဒ်ကောင်းများ တဖြည်းဖြည်း ရုပ်လုံးပေါ်လာအောင် ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းစဉ်တွေ၊ လမ်းကြောင်းတွေတော့ ချမှတ်ပေးနိုင်ဖို့မျှော်လင့်ပါတယ်။ ဘယ်လိုအကျိုးရလဒ်တွေလဲ။ ကျွန်တော်ကတော့ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အကျိုးရလဒ်လို့ ပြောချင်ပါတယ်။

**ကမ္ဘာကိုဦးဆောင်နိုင်တဲ့ နိုင်ငံများဖြစ်**

ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးများမှာ ဘာသာရပ်နယ်ပယ်စုံအတွက် စာပေတွေထွန်းကားတယ်။ အဲဒီအခါ ရသစာပေများကြောင့် လောကအကြောင်း၊ ဘဝအကြောင်း ကောင်းကောင်းသိမြင်ပြီး ရင့်ကျက်သူများ ဖြစ်လာကြတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ စာအုပ်စာတမ်းကျမ်းဂန်များကြောင့် အဲဒီကဏ္ဍနယ်ပယ် အသီးသီးမှာ ဖွံ့ဖြိုးတိုးတက်လာကြတယ်။ ကမ္ဘာကိုဦးဆောင်နိုင်တဲ့ နိုင်ငံများဖြစ်လာကြတယ်။

ကျွန်တော်တို့စာပေကို ဖွံ့ဖြိုးအောင်လုပ်ရာမှာလည်း အလားတူပဲ ရသစာပေသာမက စာပေရဲ့ကဏ္ဍအဖုံဖုံမှာ ဖွံ့ဖြိုးအောင်လုပ်ဖို့လိုပါတယ်။ ဒါနဲ့ဆက်စပ်ပြီးပြောချင်တာတစ်ခုက ကျွန်တော်တို့ စာပေသမားများဟာ အနုပညာသမားများဖြစ်သလို အသိပညာရှင်များလည်း ဖြစ်တယ်ဆိုတဲ့အချက်ပါ။

**ဖွံ့ဖြိုးတိုးတက်အောင် လမ်းပြကူညီ**

စာပေသမားများဟာ မိမိတို့ရဲ့အနုပညာစွမ်းအားနဲ့ တိုင်းပြည်ရဲ့နှလုံးသားများကို ထိန်းကျောင်းပြုပြင်နိုင်သလို အသိပညာဗဟုသုတများနဲ့လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြကူညီနိုင်ပါတယ်။

သို့သော် တစ်ဖက်မှာ ကျွန်တော်တို့စာပေသမားများအနေနဲ့ တိုင်းပြည်ရဲ့နှလုံးသားများကို ထိန်းကျောင်းပြုပြင်နိုင်ဖို့ မိမိတို့ကိုယ်တိုင် ရင့်ကျက်ပြည့်ဝတဲ့နှလုံးသားများရှိဖို့လိုမှာဖြစ်သလို ဒီတိုင်းပြည် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် လမ်းပြကူညီနိုင်ဖို့အတွက်လည်း မိမိတို့စာပေများအနေနဲ့ ကဏ္ဍစုံက ဖွံ့ဖြိုးနေအောင် မိမိတို့က စွမ်းဆောင်နိုင်ကြဖို့ လိုပါတယ်။

**အသိပညာ ခေါင်းဆောင်များဖြစ်**

စာပေညီလာခံရဲ့ ဆွေးနွေးပွဲများမှာ ဒီအချက်ကိုလည်း ထည့်သွင်းဆွေးနွေးကြလိမ့်မယ်လို့ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ စာပေညီလာခံ (၂၀၁၇)အောင်မြင်ပါစေ၊ စာပေညီလာခံရဲ့ ဆွေးနွေးပွဲများကနေ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်း နည်းလမ်းကောင်းများထွက်ပေါ်နိုင်ပါစေ။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ရာမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်စပ်စဉ်းစား ချမှတ် ဆောင်ရွက်ခြင်းဖြင့် မြန်မာစာပေသမားများသည် နိုင်ငံရဲ့ အသိပညာခေါင်းဆောင်များဖြစ်ကြောင်း ပြသနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်ဟု ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စာပေညီလာခံ(၂၀၁၇)ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များက စာပေညီလာခံ(၂၀၁၇) ဖွင့်ပွဲအထူးအစီအစဉ်အဖြစ် မိုးပျံပူဖောင်းများကို လွှတ်တင်ဖွင့်လှစ်ကြပြီး ဖွင့်ပွဲအကြို ကျင်းပလျက်ရှိသည့် အစီအစဉ်များကို ကြည့်ရှုအားပေးသည်။

**ပြည်သူများဖြင့် စည်ကား**

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စည်တော်ရွမ်း၍ ဂုဏ်ပြုပြီး တေးသံရှင် ဒေါ်မာမာအေးက တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

စာပေညီလာခံ (၂၀၁၇) အဖွဲ့လိုက်စာပေဆွေးနွေးပွဲများကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ဒီဇင်ဘာ ၁၃ ရက် မှ ၁၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

စာပေညီလာခံ(၂၀၁၇) အထိမ်းအမှတ်အဖြစ် ညစဉ်စာပေဟောပြောပွဲများ၊ စာပေဆိုင်ရာ ဉာဏ်စမ်းပဟေဠိများ၊ ပန်းချီပြပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ကာတွန်းပြပွဲများနှင့် စာအုပ်အရောင်းဆိုင်များကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့တွင်ကျင်းပလျက်ရှိရာ စာပေဝါသနာရှင် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စာပေညီလာခံ (၂၀၁၇) ကျင်းပရန်အတွက် မေလက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၊ ပဲန်မြန်မာ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်၊ မြန်မာနိုင်ငံ ကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန် ကွန်ရက်ဟူသည့် မြန်မာနိုင်ငံရှိ စာပေအဖွဲ့အစည်း ၁၁ ဖွဲ့ကို ခေါ်ယူ၍ စာပေညီလာခံ (၂၀၁၇) ဖြစ်မြောက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ညီလာခံကို ယခုကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွတ်လပ်တဲ့စာပေ၊ လွတ်လပ်တဲ့အသံ ထုတ်ဖော်ခွင့်ကို ရရှိတဲ့အတွက် နိုင်ငံရဲ့ ပုံရိပ်ကလည်း မြင့်မားလာမယ်

**"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာပေသမားများကိုယ်တိုင် ဦးစီးပြီး လွတ်လပ်စွာကျင်းပသည့် "စာပေညီလာခံ ၂၀၁၇" ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများအား စာပေညီလာခံအပေါ် ၎င်းတို့၏ ထင်မြင်သုံးသပ်ချက်များနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ-**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ဘယ်လုပ်ငန်းနယ်ပယ်မှာမဆို စုဝေးတိုင်ပင်ပြီး လုပ်ရင် ဖွံ့ဖြိုးတိုးတက်မှာပါ၊ စာပေမှာလည်း ဒီလိုပါပဲ အားလုံးစုဝေးပြီး လုပ်ဆောင်ရင် စာပေလောက ပိုပြီး တိုးတက်မှာပါ၊ အစုအဖွဲ့တွေ၊ အသင်းအဖွဲ့တွေ ၁၁ ဖွဲ့ စုပြီး လုပ်ဆောင်တယ်၊ အသင်းအဖွဲ့ထဲမှာမပါတဲ့ စာပေသမားတွေလည်းရှိတယ်၊ သူတို့လည်း ပါဝင်ပြီး ဆွေးနွေးပွဲကြီး ကျင်းပတဲ့အခါကျတော့ စာပေလောကကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေလုပ်ဆောင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလို့ရတာပေ့ါ။

**ဦးအောင်စိုးဦး**

**စာပေညီလာခံ (၂၀၁၇) ကျင်းပရေးကော်မတီဥက္ကဋ္ဌ**

စာပေညီလာခံ ကျင်းပတဲ့အခါမှာ အနယ်နယ်အရပ်ရပ်က စာရေးဆရာကြီးတွေ၊ စာပေပညာရှင်တွေပါတယ်၊ စာပေစကားဝိုင်း ၅၅ ဖွဲ့နဲ့ ကျွန်တော်တို့ ဆွေးနွေးကြတယ်၊ အဲဒီကနေ ကျွန်တော်တို့ ဆွေးနွေးကြတဲ့ အကြောင်းအရာတွေ ထွက်လာမယ်၊ အဲဒီ ဆွေးနွေးမှုက ထွက်လာတဲ့ရလဒ်တွေကို နိုင်ငံတော်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခက်အခဲတွေ အနည်းငယ်တော့ ပြေပျောက်သွားမယ်ထင်ပါတယ်၊ အထူးသဖြင့် လွတ်လပ်တဲ့စာပေ၊ လွတ်လပ်တဲ့အသံ ထုတ်ဖော်ခွင့်ကို ရရှိတဲ့အတွက် နိုင်ငံရဲ့ပုံရိပ်ကလည်း မြင့်မားလာမယ်လို့ ဆိုလိုချင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်



ဦးအောင်စိုးဦး



ဒေါ်သန်းမြင့်အောင်

**ဒေါ်သန်းမြင့်အောင်(စာရေးဆရာမ)**

ကျွန်မတို့ စာပေသမိုင်းမှာ ဒါဟာ မှတ်တိုင်တစ်ခုပါ၊ ဆောင်ပုဒ်ကိုက "လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" စာပေရေးသားပြုစုတဲ့ စာရေးဆရာတွေကလည်း ပြည်သူတွေကို ကိုယ်စားပြုပြီးရေးတာ၊ ပြည်သူတွေရဲ့ ဘဝကို ထင်ဟပ်စေတဲ့ စာပေတွေကို ရေးတာ၊ ပြည်သူတွေရဲ့ အသံကို နားထောင်ပြီးရေးကြတာ၊ ဒါကြောင့် လွတ်လပ်တဲ့ အသံ၊ လွတ်လပ်တဲ့စာပေတွေကို အကြောက်တရားကင်းကင်းနဲ့ ဖော်ထုတ်နိုင်တဲ့အတွက် စာရေးဆရာတစ်ယောက်အနေနဲ့ အများကြီးဝမ်းသာမိတယ်၊ ပြည်သူတစ်ယောက်အနေနဲ့လည်း ဂုဏ်ယူပါတယ်၊ စောစောက ပြောခဲ့သလို လွတ်လပ်တဲ့စာပေ၊ လွတ်လပ်တဲ့အသံလို့ ပြောတယ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ သဝဏ်လွှာမှာ ပြောသွားတဲ့အတိုင်းပါပဲ၊ လွတ်လပ်တယ်ဆိုတာ ပရမ်းပတာ မဟုတ်ပါဘူး၊ လက်လွတ်စပယ်မဟုတ်ဘူး၊ ပြည်သူလူထုအတွက်၊ နိုင်ငံအတွက် ဒီထက်မကပိုပြီးတော့ တိုးတက်ကောင်းမွန်မယ့် လိုအပ်ချက်တွေ၊ အကြံပြုချက်တွေ၊ တည့်မတ်ထိန်းကျောင်းမှုတွေ ဒီစာပေကနေ လုပ်သွားမှာပါ၊ အဲဒီအတွက် စာရေးဆရာအဖွဲ့တွေ ပေါင်းပြီး လုပ်တာပါဟု သုံးသပ်ပြောကြားခဲ့ကြသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

☆ **ကျောဖုံးမှ**

အဆိုပါပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၉၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲ ပြသရောင်းချမည်ဖြစ်ပြီး ကျောက်မျက်အတွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကာ ဒီဇင်ဘာ ၁၅ ရက်တွင် အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ကျောက်စိမ်းတွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ကျောက်မျက်အတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးမှာ ယူရိုငွေ ၅၀၀ ဖြစ်ကြောင်း၊ ကျောက်စိမ်းအရိုင်းအတွဲများအတွက် သတ်မှတ်ထားသည့်အခြေခံဈေးမှာ ယူရိုငွေ ၄၀၀၀ ဖြစ်ကြောင်းနှင့် ကျောက်စိမ်းအချောထည် အတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးမှာ ယူရိုငွေ ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

✱ **ရုပ်ရှင်လောကမှ**

ရုပ်ရှင်အနုပညာသည် လူအများ၏ စိတ်ကို နည်းလမ်းပေါင်းစုံဖြင့် ဆွဲဆောင်နိုင်သည့် အနုပညာတစ်ရပ်ဖြစ်ပါကြောင်း၊ လူ၏နှလုံးသားကို တိုက်ရိုက်ထိမှန်စေသည့် အားကောင်းသည့် အနုပညာဖြစ်သည့်အလျောက် ပရိသတ်အပေါ် သက်ရောက်မှု အလွန်ကြီးမားပါကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်က ကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပေးပို့ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာတွင် ရုပ်ရှင်ဇာတ်ကားများက လူ့အဖွဲ့အစည်းကို အထူးသဖြင့် လူငယ်လူရွယ်များအပေါ် အင်မတန် ဩဇာကြီးသောကြောင့် ရုပ်ရှင်လောကသားများ၏ တာဝန်သည် အလွန်ကြီးမားသည်ကို သုံးသပ်ပြောဆိုခဲ့ခြင်းများ ရှိပါကြောင်း၊ ရုပ်ရှင်လောကသားများအနေဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ပေးနိုင်မည့် အနုပညာရှင်များဖြစ်အောင် စွမ်းဆောင်ကြရန် တိုက်တွန်းသွားသည်ကို တွေ့ရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### ဆင်နွှဲနိုင်တော့မည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အကြံပြုတိုက်တွန်းချက်သည် ရုပ်ရှင်လောကသားများ၊ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထူးအလေးထားသင့်သည့် လမ်းညွှန်ချက်တစ်ရပ်ဖြစ်သည်ကို တွေ့မြင်ရပါကြောင်း၊ မြန်မာ့ရုပ်ရှင်သည် လာမည့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်၍ ရုပ်ရှင်လောကသားများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူစွာ ရာပြည့်အထိမ်းအမှတ်ပွဲတော်ကို များမကြာမီ ဆင်နွှဲနိုင်တော့မည် ဖြစ်ပါကြောင်း ပြောကြားသည်။

### သိသိသာသာ တိုးတက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အနုပညာသမားများနှင့်အတူ ပူးတွဲဆောင်ရွက်နေမှု၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနေမှုနှင့် ၂၀၁၈ ခုနှစ်တွင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ဆက်တိုက်ကျင်းပနိုင်ရန် စီစဉ်လျက်ရှိမှု၊ ရုပ်ရှင်ဥပဒေပေါ်ထွန်းရေး၊ ရုပ်ရှင်ဥပဒေ၏ အရေးပါမှုနှင့် ရုပ်ရှင်အသိုင်းအဝိုင်း နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေ၏ အကာအကွယ်ရရှိနိုင်မှု၊ မြန်မာ့ရုပ်ရှင်အနေဖြင့် ထုတ်လုပ်မှုအပိုင်းတွင် သိသိသာသာ တိုးတက်နေမှု၊ ၂၀၁၂ ခုနှစ်မှာ ၁၄ ကား၊ ၂၀၁၃ ခုနှစ်မှာ ၁၇ ကား၊ ၂၀၁၄ ခုနှစ်မှာ ကိုးကား၊ ၂၀၁၅ ခုနှစ်မှာ ၃၂ ကား စသဖြင့် ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ ၉၈ ကား၊ ယခုနှစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ ရုပ်ရှင်ဇာတ်ကား ၁၄၀ အထိ တိုးတက် ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရမှု၊ ရုပ်ရှင်ရုံအပိုင်းတွင်လည်း ၂၀၁၃ ခုနှစ် ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲပြီးနောက် ရုပ်ရှင်ရုံ ၁၉ ရုံနှင့် ပိတ်ကား ၁၉ ကားသာရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ပထမပတ်အထိ ရုပ်ရှင်ရုံ ၉၃ ရုံနှင့် ပိတ်ကား ၁၀၇ ကားအထိ တိုးတက်လာမှုစသည်ဖြင့် ပြောကြားပြီး ယနေ့ကျင်းပသည့် ရုပ်ရှင်ညီလာခံမှ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများ၊ အကြံဉာဏ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းလမ်းစဉ်များ ချမှတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယခုကဲ့သို့ နောင်နှစ်များတွင်လည်း စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကျင်းပနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကစည်သူဗိုလ်ကလေးတင့်အောင်ထံမှ ရုပ်ရှင်ညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက ဖတ်ကြားသည်။

### နှစ်ပေါင်း ၁၀၀ ပြည့် ရုပ်ရှင်လောကကြီးကို ကြိုဆို

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်ရှင်ညီလာခံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် “ညီလာခံကို တစ်ရက်သာ ကျင်းပရတဲ့အတွက် အကြံပြုတင်ပြလိုတဲ့အချက်များ အားလုံးကို မိမိတို့အလွှာအလိုက် စုစည်းတင်ပြကြဖို့ လွန်ခဲ့တဲ့တစ်လခွဲလောက်က ကြေညာခဲ့တာ ဖြစ်ပါတယ်၊ အလွှာအလိုက်စုစည်းထားတဲ့ အကြံပြုလွှာ ၁၀ စောင်၊ ပြီးတော့ ပန်းချီဦးစိုးမိုး ဦးဆောင်တဲ့ အကြံပြုလွှာတွေ လက်ခံရေးနဲ့ စိစစ်ရေးကော်မတီမှာ ပြုစုတဲ့အကြံပြုလွှာတစ်စောင် အားလုံးပေါင်း ၁၁ စောင်ကို နံနက်ပိုင်းညီလာခံမှာ ဖတ်ကြားမှာဖြစ်ပါတယ်၊ ညီလာခံက တစ်ခါတည်း အတည်ပြုသင့်တဲ့အချက်တွေကို အတည်ပြုပါမယ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့အနေနဲ့ ဆက်လက်သယ်ဆောင်သွားပြီး လုပ်ဆောင်ရမယ့်အချက်တွေကို မှတ်တမ်းတင်ပြီး ဒီညီလာခံမှာ တရားဝင်ကြေညာသွားပါမယ်၊ မကြာခင်မှာ မြန်မာ့ ရုပ်ရှင်က နှစ်ပေါင်း ၁၀၀ ပြည့်မြောက်တော့ မှာဖြစ်ပါတယ်၊ ရုပ်ရှင်ညီလာခံက မကြာခင်ပြည့်မြောက်တော့မယ့် နှစ်ပေါင်း ၁၀၀ ပြည့် ရုပ်ရှင်လောကကြီးကို ကြိုဆိုတဲ့အနေနဲ့ ပထမခြေလှမ်းဖြစ်ပါတယ်၊ ဒီနေ့ ညီလာခံက ပထမဆုံးပြုပြင်ပြောင်းလဲသင့်တဲ့အချက်ကို စနစ်တကျပြုပြင် ပြောင်းလဲကြပါစို့”ဟု ပြောကြားသည်။

### အကြံပြုချက်များကို ပြန်လည်ပြုစု

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများဖြစ်ကြသော ပန်းချီဦးစိုးမိုး၊ ဦးကြည်စိုးထွန်းနှင့် ဦးငွေးအောင်တို့က ရုပ်ရှင်ညီလာခံဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ဒါရိုက်တာအလွှာမှ ဒါရိုက်တာဝိုင်း၊ ရုပ်ရှင်ထုတ်လုပ်သူအလွှာမှ လပ်ကီးဆဲဗင်း ကိုအုန်းဝင်း၊ ဇာတ်ညွှန်းအလွှာမှ ဦးကိုကိုလေး၊ အဓိကသရုပ်ဆောင်အလွှာမှ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူ၊ တည်းဖြတ်မှတ်တမ်းအလွှာမှ အကယ်ဒမီ ဦးဉာဏ်ဝင့်၊ ဇာတ်ပို့ ဇာတ်ရံအလွှာမှ ဦးဝင်းမြိုင်၊ ဗီဒီယိုအလွှာမှ နေထူးနိုင်၊ စက်မှု/လက်မှုအလွှာမှ ဦးကျော်ညွှန့်၊ ရုပ်ရှင်ပြဇာတ်နှင့် တေးဂီတအလွှာမှ ဦးထူးသာနှင့် အုပ်ချုပ်/ဖြန့်ချိအလွှာမှ ဦးလှသိန်းတို့က အကြံပြုလွှာများကို ဖတ်ကြားကြပြီး အကြံပြုလွှာများ လက်ခံရေးနှင့် ပြုစုရေးကော်မတီဝင် ဒေါ်အိအိခိုင်က အလွှာလိုက်တင်ပြကြသည့် အကြံပြုလွှာများထဲမှ ရုပ်ရှင်တစ်လောကလုံးနှင့် သက်ဆိုင်သော အကြံပြုချက်များကို ပြန်လည်ပြုစုပြီး တင်ပြသည်။

### ဆန္ဒနှင့်အညီ ဆုံးဖြတ်

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများဖြစ်ကြသော ပန်းချီ ဦးစိုးမိုး၊ ဦးကြည်စိုးထွန်းနှင့် ဦးနှင်းမိုးတို့က အကြံပြုလွှာများ အတည်ပြုရေးနှင့် မှတ်တမ်းရယူရေးအတွက် ခုံသမာဓိများအဖြစ် ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးဇော်မြင့်ဦးက အကြံပြုလွှာများ အတည်ပြုခြင်းနှင့် မှတ်တမ်းရယူခြင်းများ ပြုလုပ်နိုင်ရန် တင်ပြသည်။

ထို့နောက် အဆိုပါအကြံပြုချက်များထဲမှ ၈၆ ချက်ကို မှတ်တမ်းတင် အတည်ပြုချက်ရယူပြီး အကြံပြုချက်လေးချက်ကို ရုပ်ရှင်လောကသားများ၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ကာ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရုပ်ရှင်လောက အလွှာအသီးသီးမှ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပပြီး အလွှာပေါင်းစုံမှ ရုပ်ရှင်လောကသားများအားလုံး ပါဝင်သည့် ၂၀၁၇ ခုနှစ် ရုပ်ရှင်ညီလာခံကြီးကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ကာ ညနေ ၄ နာရီ အထိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး နာယကကြီးစည်သူဗိုလ်ကလေးတင့်အောင်ထံမှ ရုပ်ရှင်ညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူက ဖတ်ကြားခဲ့ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ညီလာခံနှင့်ပတ်သက်၍ ရုပ်ရှင်လောကသားများအား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ညီလာခံကြီးတွင် အလွှာ ၁၀ လွှာမှ တင်သွင်းလာသော အကြံပြုလွှာများကို သက်ဆိုင်ရာ ဒါရိုက်တာအလွှာ၊ ရုပ်ရှင်ထုတ်လုပ်သူအလွှာ၊ ဇာတ်ညွှန်းအလွှာ၊ အဓိကသရုပ်ဆောင်အလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ဇာတ်ပို့ ဇာတ်ရံအလွှာ၊ ဗီဒီယိုအလွှာ၊ စက်မှုလက်မှုအလွှာ၊ ရုပ်ရှင်ပြဇာတ်နှင့် တေးဂီတအလွှာ၊ အုပ်ချုပ်ဖြန့်ချိအလွှာတို့ကို အကြံပြုလွှာများလက်ခံရေးနှင့် ပြုစုရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးစီက ဖတ်ကြားခဲ့သည်။

ဖတ်ကြားခဲ့သည့် အကြံပြုလွှာများအနက်မှ အချက် ၇၁ ချက်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဆက်လက်ဆောင်ရွက်ရန် ကိစ္စများအဖြစ် ခုံသမာဓိဝင်များက အတည်ပြုပေးခဲ့သည်။

“ဒါကို အတည်ပြုပြီးရုံနဲ့ မပြီးသေးပါဘူး၊ ဒီအချက်တွေကို ကျွန်တော်တို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေ ဆက်လက်အကောင်အထည် ဖော်ပေးရဦးမယ်၊ ပြီးတော့ ချက်ချင်းကြီး အကောင်အထည်ဖော်လို့ မရနိုင်သေးပါဘူး၊ တချို့အချက်တွေက တစ်လွှာနဲ့တစ်လွှာ ညှိရမှာတွေ ရှိပါတယ်၊ မညှိဘဲနဲ့ ဒီမှာအများနဲ့ ဆုံးဖြတ်လိုက်မယ်ဆိုရင် တရားမျှတမှု မရှိပါဘူး၊ ဒီမှာ တောင်းဆိုသွားတဲ့အချက်ထဲကပဲ ရုပ်ရှင်ဥပဒေတွေ ပေါ်ထွက်လာရေးအတွက်ကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်၊ ကျန်တဲ့အချက်တွေကိုလည်း တစ်ပြိုင်နက်တည်း လုပ်သွားမှာ ဖြစ်ပါတယ်၊ အားလုံးအကောင်အထည်ဖော်သွားပြီ ဆိုမှသာ အောင်မြင်မှာပါ” ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။


ဦးဇင်ဝိုင်း



နေတိုး

အဆိုပါညီလာခံတွင် အကယ်ဒမီနှင့်ပတ်သက်၍ တင်ပြလာသည့် အချက် ၁၅ ချက်ကိုလည်း ခုံသမာဓိအဖွဲ့ဝင်များက ထပ်မံအတည်ပြုပေးခဲ့သည်။ ယင်းအချက်များထဲမှ အချက်ငါးချက်ကို ကောက်နုတ်ဖော်ပြရလျှင် ဇာတ်ပို့ဆုကို ဇာတ်ပို့အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူများအား ဦးစားပေးသင့်ခြင်း၊ ရုပ်ရှင်ဇာတ်ကားများအတွက် ကိုယ်ပိုင်သံစဉ်ဖြင့် ကိုယ်တိုင်ရေးစပ်ဆိုထားသော ရုပ်ရှင်ဇာတ်ဝင်သီချင်းကို ရသမြောက်လာပါက အကယ်ဒမီပေးရန်၊ ဝတ္ထုမဟုတ်ဘဲ ကိုယ်ပိုင်ရေးသားထားသော ရုပ်ရှင်ဇာတ်လမ်းကို ထူးချွန်ပါက ဇာတ်လမ်းဆုချီးမြှင့်ရန်၊ အဝတ်အစားအပြင်အဆင်၊ မိတ်ကပ်ဆံပင်ထုံးဖွဲ့ဆင်ယင်မှု ဆုချီးမြှင့်ရန်နှင့် အကယ်ဒမီစိစစ်အကဲဖြတ်ရာတွင် ဇာတ်ကား၏ အဓိကသရုပ်ဆောင်၊ ဇာတ်ပို့သတ်မှတ်ချက်ကို ဒါရိုက်တာနှင့် ထုတ်လုပ်သူက ရေးသားတင်ပြရခြင်းအား ပယ်ဖျက်၍ အကယ်ဒမီဘုတ်အဖွဲ့ကသာ တာဝန်ယူခွဲခြားပေးရန်တို့ ဖြစ်သည်။

ထိုအတည်ပြုချက်များကိုမူ ယခုနှစ်ကျင်းပမည့် အကယ်ဒမီပေးပွဲကြီးတွင် ကျင့်သုံးနိုင်မည်မဟုတ်ဘဲ နောက်နှစ်တွင် ကျင်းပမည့် အကယ်ဒမီပေးပွဲမှစတင်ကာ ဆောင်ရွက်သွားမည်ဟု သိရသည်။

“ဒီအချိန်မှာ ဒီလိုညီလာခံလုပ်ခြင်းက ကျွန်တော်တို့နောင်အနာဂတ် ရုပ်ရှင်အတွက်ကို အင်အားဖြစ်စေပါတယ်၊ ဒီမှာတင်ပြသွားတဲ့အချက်အားလုံးကတော့ ၉၀ ရာခိုင်နှုန်းလောက် လက်ခံနိုင်ပါတယ်၊ လူကြီးတွေအနေနဲ့ ကိုယ့်ရဲ့ဆရာလိုလည်း ဖြစ်တယ်၊ ဝါရင့်အနုပညာရှင်ကြီးတွေရဲ့ ဆုံးဖြတ်ချက်ဆိုတာကျတော့ အမှားနည်းပါတယ်၊ အတတ်နိုင်ဆုံးတော့ အရှေ့မှာဖြစ်ခဲ့တာရယ်၊ အခုလက်ရှိဖြစ်ပေါ်လာမယ့်အရာရယ်၊ ဒါတွေကို သုံးသပ်ဆင်ခြင်ပြီးတော့ အကောင်းဆုံးနည်းလမ်းတစ်ခု ပေါ်ထွက်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်”ဟု ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်အကယ်ဒမီ နေတိုးက ပြောသည်။

ယင်း ရုပ်ရှင်ညီလာခံတွင် အကြံပြုတင်ပြခဲ့သည့် အချက်များစွာအနက်မှ အများဆန္ဒဖြင့် ဆုံးဖြတ်အတည်ပြုရန် အချက်လေးချက်ကိုမူ ခုံသမာဓိအဖွဲ့ဝင်များနှင့် ရုပ်ရှင်လောကသားများ အားလုံးက အတည်ပြုခဲ့ကြသည်။ အချက်များမှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် NGO စစ်စစ် လွတ်လပ်သော လူတန်းစားအဖွဲ့အစည်းဖြစ်သည်။ ဥက္ကဋ္ဌသည် အသက် ၄၀ ပြည့်ပြီးသူ ဖြစ်သင့်သည်။ အမှုဆောင်သက်တမ်းသည် တစ်ကြိမ်လျှင် သုံးနှစ်ဖြစ်သင့်သည်။ အမှုဆောင်အဖြစ် အရွေးချယ်ခံမည့်သူသည် လုပ်ငန်းလုပ်သက် အနည်းဆုံး ငါးနှစ်ရှိရမည်ဖြစ်ပြီး နောက်ဆုံး သုံးနှစ်ကို တဆက်တည်းလုပ်ကိုင်နေသူ ဖြစ်သင့်သည် ဟူ၍ ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရခိုင်ပြည်နယ်သတင်း

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်း သာသနာရေးဆိုင်ရာများ ဆောင်ရွက်

**သံတွဲ ဒီဇင်ဘာ ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့နံနက်ပိုင်းက သံတွဲမြို့ သီရိမင်္ဂလာမြို့ဦးကျောင်းတိုက်၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ လည်းကောင်း သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့မှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား တွေ့ဆုံ၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ် လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဂွမြို့နယ် သာသနာ့ဗိမာန်သို့ ရောက်ရှိ၍ ဂွမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် သံတွဲခရိုင်အတွင်းရှိ ဆရာတော်ကြီးများထံ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းလျှောက်ထားရာ ဆရာတော်ကြီးများက နိုင်ငံတော်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို သိရ၍ ကျေနပ်ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ထောက်ခံသည်ဟု ဩဝါဒမိန့်ကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ မောင်တောရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဒေသ အခြေအနေများ တွေ့ဆုံမေးမြန်း

**မောင်တော ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့သို့ ရောက်ရှိပြီး နေရပ်စွန့်ခွာကယ်ဆယ်ရေးစခန်းများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်ကာ ဒေသအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

ရှေးဦးစွာ ကိုယ်စားလှယ်အဖွဲ့သည် ကညင်တန်းမြို့မ ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှု လေ့လာပြီး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပြောင်းရွှေ့လာသည့် အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းသည်။

ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောမြို့ အထက(၁)ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ ဆက်လက်သွားရောက်ပြီး နေရပ်စွန့်ခွာသူများ နေထိုင်မှု၊ စားသောက်မှုနှင့် ဒေသအသီးသီးမှ ပြောင်းရွှေ့လာမှု အခြေအနေများနှင့် စပ်လျဉ်း၍မေးမြန်းသည်။

ထိုမှတစ်ဆင့် မှိုဝင်ချောင်းဝ နယ်ခြားစောင့်စခန်းအနီး ဂေါ်ဒူသာရ ချောင်းဝရှိ ပင်လယ်ကမ်းခြေသဲသောင်ပြင်တွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာရန် ရောက်ရှိနေသော အစ္စလာမ်ဘာသာဝင်များအား သွားရောက်တွေ့ဆုံပြီး လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများ ရှိ၊ မရှိနှင့် မည်သို့သော အခက်အခဲ အတားအဆီးများကြောင့် တစ်ဖက်နိုင်ငံသို့ ပြောင်းရွှေ့ရခြင်းဖြစ်သည်ကို မေးမြန်းပြီး မြန်မာနိုင်ငံအတွင်း အေးချမ်းစွာနေထိုင်လိုပါက လိုအပ်သည်များ ကူညီပေးမည်ဟု ပြောကြားခဲ့သည်။



ယင်းနောက် နေရပ်စွန့်ခွာခဲ့ကြသော မြိုတိုင်းရင်းသားများ ခေတ္တနေထိုင်ရာ ကိုင်းကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသစ် တည်ဆောက်နေမှု၊ ဒေသတည်ငြိမ်အေးချမ်းမှု၊ နေထိုင်စားသောက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကျေးရွာလူကြီးများနှင့် ရပ်မိရပ်ဖများအား မေးမြန်းသည်။

ကိုင်းကြီးကျေးရွာသစ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏အစီအစဉ်ဖြင့် နေအိမ်အလုံး ၅၀၊ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် နေအိမ် ၆၄ လုံး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် စာသင်ကျောင်းတစ်ကျောင်း၊ စေတနာရှင်တစ်ဦး၏ အလှူငွေဖြင့် ကျေးလက်ဆေးပေးခန်းတို့ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ပန်းတောပြင်(အလယ်) ကျေးရွာသို့ရောက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ကျေးရွာနေပြည်သူများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

**သတင်း- မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

## မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပိုင်ရှင်မဲ့ဖြစ်နေသော မိုးစပါးများ စနစ်တကျ ဆက်လက်ရိတ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောဒေသ နေရပ်စွန့်ခွာသူများ၏ မိုးစပါးများ အချိန်မီရိတ်သိမ်းနိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း၍ ပိုင်ရှင်မဲ့မိုးစပါးများကို အောက်တိုဘာ ၂၆ ရက်မှ စတင်၍ ရိတ်သိမ်း ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်အထိ ၆၇၆၆ ဧက ရိတ်သိမ်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရိတ်သိမ်းရာတွင် မောင်တောမြို့နယ်အတွင်းရှိ မြို့သူကြီးကျေးရွာအုပ်စုမှ ၂၄၂ ဧက၊ အုန်းတောကျေးရွာအုပ်စုမှ ၁၅၅ ဧက၊ ကံပူးကျေးရွာအုပ်စုမှ ဧက ၃၆၀၊ ကျောင်းတောင်ကျေးရွာအုပ်စုမှ ၄၇၉ ဧက၊ အလယ်သံကျော်ကျေးရွာအုပ်စုမှ ဧက ၄၈၀၊ နွားရုံတောင်ကျေးရွာအုပ်စုမှ ၂၀၃ ဧက၊ ဝါးချကျေးရွာအုပ်စုမှ ၁၄၄ ဧက၊ သံဒါကျေးရွာအုပ်စုမှ ၂၀၉ ဧက၊ မြင်းလွတ်ကျေးရွာအုပ်စုမှ ၃၃၉ ဧက၊ ကျီးကန်းပြင်ကျေးရွာအုပ်စုမှ ၁၅ ဧက၊ သီဟိုဠ်ကျွန်းကျေးရွာအုပ်စုမှ ၂၉ ဧက၊ ဥဒေါင်းကျေးရွာအုပ်စုမှ ဧက ၁၁၀၊ လောင်းဒုံကျေးရွာအုပ်စုမှ ၁၈၂ ဧက၊ အောင်စစ်ပြင်ကျေးရွာအုပ်စုမှ ၃၃၂ ဧက၊ စပယ်ကုံးကျေးရွာအုပ်စုမှ ၁၆၅ ဧက၊ သပြေတောကျေးရွာအုပ်စုမှ ဧက ၃၇၀၊ ဇော်မတက်ကျေးရွာအုပ်စုမှ ၁၈၆ ဧက၊ ဒိုးတန်းကျေးရွာအုပ်စုမှ ၅၂၁ ဧက၊ ရွာသစ်ကေကျေးရွာအုပ်စုမှ ဧက ၂၈၀၊ ကျောက်ပန္ဒုကျေးရွာအုပ်စုမှ ၃၃၁ ဧက၊ တပ်ဦးချောင်းကျေးရွာအုပ်စုမှ ဧက ၂၈၀၊ ဒုချီးရားတန်းကျေးရွာအုပ်စုမှ ဧက ၂၉၀၊ သရေကုန်းတန်းကျေးရွာအုပ်စုမှ ၁၅ ဧက၊ သဝန်ချောင်းကျေးရွာအုပ်စုမှ ၃၄၃ ဧက၊ ငါးခူရကျေးရွာအုပ်စုမှ ၁၅၅ ဧက၊ အင်းဒင်ကျေးရွာအုပ်စုမှ ၈၅ ဧက၊ သင်္ဘောကွေ့ကျေးရွာအုပ်စုမှ ၄၅ ဧက၊ ကညင်တန်းကျေးရွာအုပ်စုမှ ၂၆ ဧက၊ ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလီကျေးရွာအုပ်စုမှ ၂၂၂ ဧက၊ ကိုးတန်ကောက်ကျေးရွာအုပ်စုမှ ၇၇ ဧကနှင့် ဘူးသီးတောင်မြို့နယ် သပြုချောင်းကျေးရွာအုပ်စုမှ ၉၆ ဧက ဖြစ်ပြီး မောင်တောဒေသအတွင်း စုစုပေါင်း ၆၇၆၆ ဧကကို ရိတ်သိမ်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ပိတ်ထားရသော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း စုစုပေါင်း ၆၅၀ ရှိသည့်အနက် ၄၂၄ ကျောင်းကို ပိတ်ထားခဲ့ရသည်။

ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မောင်တောမြို့နယ်အတွင်း ၈၂ ကျောင်း၊ ဘူးသီးတောင်မြို့နယ်အတွင်း ၁၇၂ ကျောင်း၊ ရသေ့တောင်မြို့နယ်အတွင်း ကျောင်း ၁၀ ကျောင်း စုစုပေါင်း ၂၆၄ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ ပြန်လည်၍ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မောင်တောဒေသအတွင်း ကျောင်း ၁၁၂ ကျောင်းကို ဆက်လက်၍ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်းပေါင်း ၄၈ ကျောင်း ကျန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်းစခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်းနွား ၃၃၁ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၉၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်သတင်း

## မောင်တောမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စတင်ရွေးချယ်



**မောင်တော ဒီဇင်ဘာ ၁၂**

၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်က တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းလိုက်သော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေနှင့်အညီ မောင်တောမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ပြောသည်။

"ဒါနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရကနေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကစပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အတွင်း ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ပြန်လည်ရွေးချယ်နိုင်ဖို့ အပိုင်း ခုနစ်ပိုင်းနဲ့ ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်၊ ဒါကြောင့်မို့ ကနဦးအပိုင်းအနေနဲ့ ကြီးကြပ်ရေးမှူးများကို ရွေးချယ်ပြီးသွားပါပြီ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့ ဒီကနေ့ သင်တန်းပေးခြင်းဖြစ်ပါတယ်"ဟု မောင်တောမြို့အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သော တစ်ရက်ကြာ သင်တန်းတွင် ဦးမြင့်ခိုင်က ပြောသည်။

အဆိုပါအပိုင်းခုနစ်ပိုင်းမှာ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ရေးမှူးများကို သင်တန်းပေးခြင်း၊ ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများ ရွေးချယ်ခြင်း၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်း၊ ကျေးရွာတာဝန်ခံရွေးချယ်ခြင်း၊ ရွေးချယ်ထားသည့် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ကျေးရွာတာဝန်ခံများ၏ အမည်စာရင်းပေးပို့ခြင်းတို့ဖြစ်သည်။

"ကျွန်တော်တို့ရပ်ရွာအလိုက် ရွေးချယ်ပေးထားတဲ့ ကြီးကြပ်ရေးအဖွဲ့ ငါးဦးအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ဥပဒေနဲ့အညီ ဆယ်အိမ်မှူးတွေ စရွေးမယ်၊ ပြီးတော့ ဆယ်အိမ်မှူးတွေထဲက ရာအိမ်မှူးတွေ ရွေးရမယ်၊ အဲဒီရာအိမ်မှူးတွေထဲကမှ အုပ်ချုပ်ရေးမှူးကို ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်"ဟု အောင်မင်္ဂလာကျေးရွာမှ ကြီးကြပ်ရေးအဖွဲ့ဝင် ဦးသိမ်းမောင်ကြီးက ပြောသည်။

၂၀၁၂ ခုနှစ်က ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်က တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော ဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို အသစ်တစ်ဖန်ပြန်လည် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေအရ ပြည်သူ့ဆန္ဒနှင့် ရွေးချယ်ခဲ့သော ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးအသစ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အမည်စာရင်း တင်သွင်းကြေညာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊**
**ဓာတ်ပုံ-နေဝင်းထွန်း**

## မောင်တောမြို့နယ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် လုပ်ငန်း ၂၃ ခု ဆောင်ရွက်မည်



**မောင်တော ဒီဇင်ဘာ ၁၂**

မြန်မာတစ်နိုင်ငံလုံးတွင် တစ်မြို့နယ်လျှင် ကျပ်သိန်းတစ်ထောင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်က ရန်ပုံငွေချထားပေးလျက်ရှိရာ ယခုနှစ်တွင် မောင်တောမြို့နယ်၌ ၎င်းရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၃ ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီရန်ပုံငွေနဲ့ လမ်းလုပ်ငန်း ၁၁ ခု၊ တံတားလုပ်ငန်း ခုနစ်ခု၊ ရေရရှိရေးလုပ်ငန်း နှစ်ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်း သုံးခု၊ စုစုပေါင်း လုပ်ငန်း ၂၃ ခုကို အခု ဒီဇင်ဘာလမှာပဲ စတင်အကောင်အထည်ဖော်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက ပြောသည်။

မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းက အဆိုပါရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် နောက်ဆုံး ဆုံးဖြတ်ချက်ချ အစည်းအဝေးကို မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

ယင်းရန်ပုံငွေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လွှတ်တော်ရန်ပုံငွေဖြစ်ကြောင်း၊ မောင်တောဒေသသည် နယ်စပ်ဒေသဖြစ်သည့်အလျောက် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အမှန်ပင်လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးက မောင်တောဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ လွှတ်တော်ရန်ပုံငွေဖြင့်လည်း နှစ်စဉ်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်ဝင်းက ထပ်လောင်းပြောကြားသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

## မောင်တောခရိုင်အတွင်း မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မောင်တော ဒီဇင်ဘာ ၁၂**

မောင်တောခရိုင်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်နေလူထု၏ လူမှုဘဝများ ဖွံ့ဖြိုးစေရန်နှင့် သားငါးကဏ္ဍ၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးစေရန်တို့အတွက် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီး၍ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ကာ ကျေးရွာနှစ်ရွာတွင် ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၂၉ ရွာအထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြစိမ်းရောင်ကျေးရွာရန်ပုံငွေကို ကြီးကြပ်ဖို့အတွက် မြို့နယ်ကြီးကြပ်ရေးကော်မတီ၊ ကျေးရွာမြစိမ်းရောင်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတွေကို ဖွဲ့စည်းပါတယ်၊ ကျွန်တော်တို့က ကြီးကြပ်တဲ့အနေနဲ့ပဲ ဆောင်ရွက်တာဖြစ်ပြီး ရွာသူရွာသားတွေ ကိုယ်တိုင်ချေးငွေ သိန်း ၃၀၀ ကနေ ရရှိလာတဲ့ အတိုးငွေတွေနဲ့ ကျေးရွာဖွံ့ဖြိုးရေးကို လက်တွေ့ဆောင်ရွက်ကြရတာပါ၊ ဒီလို ဆောင်ရွက်နိုင်ဖို့ကိုလည်း ရွာသူ ရွာသားတွေကို သင်တန်းအဆင့်ဆင့်ပေးခဲ့ပါတယ်"ဟု မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

မောင်တော ၄ မိုင်ရှိ ရွာသာရွာကျေးရွာမှ ဦးအောင်သာက "အရင်က နွားသုံး လေးကောင်နဲ့ လယ်ယာ လုပ်ကိုင်ပါတယ်၊ အခုမြစိမ်းရောင်စီမံကိန်း ပေါ်လာတော့ အဲဒီကရတဲ့ ချေးငွေရှစ်သိန်းနဲ့ နွားမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ခဲ့ပါတယ်၊ အရင်က နွားသုံးလေးကောင် တန်ဖိုးက ဆယ်သိန်းကျော်လောက်ပဲ ရှိပေမယ့် အခုက နွား ၁၀ ကောင်ကျော် ရှိပြီဆိုတော့ ငွေတန်ဖိုးနဲ့ တွက်ကြည့်လိုက်ရင် သိန်း ၆၀ ကျော်သွားပါပြီ၊ နောက်လည်း ကျွန်တော် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ဆက်လက်လုပ်ကိုင်သွားမှာပါ၊ ကျွန်တော့်မှာ မိသားစု ငါးယောက် ရှိပါတယ်၊ မိသားစု စားဝတ်နေရေးက ဖူလုံမှု ရှိပါတယ်"ဟု ပြောသည်။

မောင်တောမြို့နယ် ရွာသာရွာကျေးရွာ ၆ ရပ်ကွက်၌ နေထိုင်သည့် ဒေါ်မသူဇာက "ကျွန်မတို့ရွာကို ၂၀၁၅ ခုနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်း လာမိတ်ဆက်ပါတယ်၊ ရွာမှာ မြစိမ်းရောင်စီမံကိန်းကော်မတီကို အဖွဲ့ဝင် ကိုးဦးနဲ့ ဖွဲ့စည်းထားပါတယ်၊ ကျွန်မက ကြီးကြပ်တာဝန် ယူထားပါတယ်၊ ရွာမှာ မွေးမြူရေး ၅၂ ဦး၊ စိုက်ပျိုးရေး ၃၂ ဦး၊ အရောင်းအဝယ်က ရှစ်ဦး စုစုပေါင်း ၉၂ ဦးကို မြစိမ်းရောင်ချေးငွေစီမံကိန်းကနေ ငွေချေးပေးထားပါတယ်၊ အခုဆိုရင် မြစိမ်းရောင်စီမံကိန်းလုပ်ခဲ့တာ နှစ်နှစ်ရှိပါပြီ၊ အတိုးငွေလည်း ၇၂ သိန်းရပါပြီ၊ သုံးနှစ်ပြည့်ရင် အဲဒီကရတဲ့ အတိုးငွေနဲ့ ကျွန်မတို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်၊ ရွာစာသင်ကျောင်းအတွက် စာသင်ထိုင်ခုံတွေ၊ အခြားလိုအပ်တဲ့ လမ်း၊ တံတား အသေးစားလေးတွေကို လုပ်သွားဖို့ရှိပါတယ်၊ ကျွန်မက ဒီမြစိမ်းရောင်ရန်ပုံငွေက ငါးသိန်းချေးယူပြီးတော့ ရွာမှာ ဈေးရောင်းနေတာပါ၊ ဈေးရောင်းလို့ရတဲ့ အမြတ်ငွေလေးတွေနဲ့ မိသားစု စားသောက်ရေး ဖြေရှင်းရတယ်၊ သားသမီးတွေရဲ့ ပညာရေးကိုလည်း ထောက်ပံ့ပေးနေရပါတယ်"ဟု ဆိုသည်။

ရွာသာရွာကျေးရွာမှ ဦးအောင်ကျော်က "အရင်က ကျပန်းလုပ်ကိုင်ပါတယ်၊ တစ်နေ့ကို ငွေကျပ် ခြောက်ထောင်လောက်ရပါတယ်၊ စားဝတ်နေရေးအတွက် မလုံလောက်ပါဘူး၊ အခုတော့ မြစိမ်းရောင်ရန်ပုံငွေကနေ ငွေသုံးသိန်းချေးပြီး ဆောင်းသီးနှံ စိုက်ပျိုးနေပါတယ်၊ စိုက်ခင်းမှာ ပန်းဂေါ်ဖီနဲ့ ပန်းမုန်လာ စိုက်ပျိုးထားပါတယ်၊ အခုတော့ စားဝတ်နေရေး အဆင်ပြေပါတယ်၊ ၂၀၁၅ ခုနှစ်ကစပြီး ချေးငွေနဲ့ မိုးသီးနှံစိုက်ပျိုးခဲ့တာပါ၊ ထုတ်ချေးထားတဲ့ ချေးငွေတွေကို ပြန်ဆပ်ပြီးပါပြီ၊ ကျွန်တော့် မိသားစု ခုနစ်ယောက်က အခုဆိုရင် စားဝတ်နေရေး အဆင်ပြေနေပါပြီ"ဟု ပြောပြသည်။

**နေဝင်းထွန်း၊**
**ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

## စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၆၃၇၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၄၃၇ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၅၈၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက် ငပုကွ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၃၀၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၃၉၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၂၉၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# သဃ်န်းကျွန်းမြို့နယ်၌ ကိုရီးယား အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ကမာကြည်လမ်းရှိ Yangon Pan Pacific International ကိုရီးယားအထည်ချုပ်စက်ရုံ၌ ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီး သန္တေမီးသတ်တပ်ဖွဲ့ ၃၈၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၈ ဦးတို့က မီးသတ်ယာဉ် ၄၇ စီး အုပ်ချုပ်မှုယာဉ်ရှစ်စီး၊ အထောက်အကူပြု ရေသယ်ယာဉ် ၁၀ စီး၊ စက်ယာဉ်တစ်စီးနှင့် မိတ်ဖက်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ကြရာ နံနက် ၈ နာရီခွဲတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

သုဝဏ္ဏနယ်မြေရဲစခန်းမှ စခန်းမှူး ချစ်ကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးများ ဆောင်ရွက်၍လည်းကောင်း၊ အမှတ်(၃၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးကျော်ဟိန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှင့် အထောက်အကူပြုယာဉ် ၆၆ စီးတို့နှင့် အခြားယာဉ်များက ပြည်သူများ ထိခိုက်မှုမရှိအောင် လမ်းများ ရှင်းလင်းခဲ့ကြသည်။



မီးလောင်မှုကြောင့် အထည်ချုပ်စက်ရုံနှစ်ရုံနှင့် မော်တာအပ်ချုပ်စက် အလုံးရေ ၂၀၀၀ ခန့်၊ အထည်အလိပ်ပိတ်အလုံးရေ ၁၀၇၀၀၀ ခန့်တို့ မီးလောင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

အဆိုပါ အထည်ချုပ်စက်ရုံ မီးလောင်မှုနှင့်ပတ်သက်၍ သုဝဏ္ဏနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းစက်ရုံမှာ စက်ရုံဝန်ထမ်း ၁၇၀၀ ကျော်တို့ဖြင့် လည်ပတ်နေသော စက်ရုံဖြစ်ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

# တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ် အခွင့်အရေးချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ရပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)၌ အသက်(၁၈)နှစ်မှ(၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၁၇-၂၀၁၈ ခုနှစ်၏ တတိယအပတ်စဉ်အဖြစ် သုံးလသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို တက်ရောက်လိုသူများသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ဖုန်း- ၀၁၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၉၇၆၀၁၇၉၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေ စားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ထုတ်ပေးမည်ဖြစ်သည်။

**သတင်းစဉ်**

# ရေးမြို့၌ ကြက်လောင်းကစားဝိုင်း ဖမ်းဆီးအရေးယူ

**ရေး ဒီဇင်ဘာ ၁၂။** ။ မွန်ပြည်နယ် ရေးမြို့နယ် ရေး-မော်လမြိုင် သွားကားလမ်းသွယ်မှ သဃ်န်းကျွန်းကျေးရွာသို့ ဆက်သွယ်သည့် ကားလမ်းဘေးရော်ဘာခြံအတွင်း၌ ကြက်လောင်း ကစားဝိုင်းကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ဖမ်းဆီးရာတွင် လောင်းကြေး ငွေကျပ် ၁၂၄၀၀၀ နှင့်အတူ ဆက်စပ်ပစ္စည်းများ၊ လောင်းကစားပြုလုပ်သူ ၁၀ ဦး၊ ဆိုင်ကယ် ၅၁ စီးနှင့် TOYOTA WISH ယာဉ်ကိုပါ သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လောင်းကစားပြုလုပ်သူ ရေးမြို့နယ်နေသူ ၁၀ ဦးအား ရေးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# အမျိုးသမီးသုံးဦးကို ရောင်းစားခဲ့သည့် လင်မယား ဖမ်းမိ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ်မှ ယခုနှစ်တစ်နှစ်အတွင်း အမျိုးသမီးသုံးဦးကို တရုတ်ပြည်သို့ လူကုန်ကူးခဲ့သည့် လင်မယားအား နိုဝင်ဘာ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း မြစ်ကြီးနားမြို့ အမှတ်(၁၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ အမျိုးသမီးသုံးဦးမှာ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်နေသူများဖြစ်ကြပြီး ယင်းအမျိုးသမီးသုံးဦးထဲမှ တစ်ဦးမှာ ပြန်လွတ်လာပြီး သတင်းပေးချက်အရ ၎င်းလင်မယားကိုဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကောင်မလေးတွေအမေနဲ့ ဒေါ်အင်ခွမ်ခေါန်လုံက ရင်းနှီးနေတော့ ထမင်းရောင်းတဲ့ဆိုင်မှာ အလုပ်လုပ်ရမယ်၊ တစ်ရက်ကိုမြန်မာငွေနှစ်သောင်းလောက်ရမယ်လို့ ဖုန်းဆက်ချိန်းပြီး ခေါ်သွားတာ၊ လွယ်ဂျယ်ဘက်မှာနေတဲ့ တရုတ်လူမျိုး သူ့ယောက်ျားဆီခေါ်သွားပြီး တရုတ်ပြည်ထဲမှာသွားရောင်းကြတာ"ဟု မြစ်ကြီးနားမြို့ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်လှိုင်စိုးက ပြောသည်။

၂၀၁၇ ခုနှစ် မတ်၊ စက်တင်ဘာ၊ နိုဝင်ဘာလများတွင် ဒေါ်အင်ခွမ်ခေါန်လုံက ကာမိုင်းမြို့နယ်ရှိ အသက် (၁၈)နှစ်အောက် အမျိုးသမီးသုံးဦးကို ထမင်းရောင်းသည့်ဆိုင်တွင် ထမင်းချက်အလုပ်ရမည်ဟုပြော၍ လွယ်ဂျယ်မြို့သို့ ခေါ်ဆောင်သွားပြီး တရုတ်ပြည်ရှိ တရုတ်လူမျိုးများထံ ၎င်းတို့လင်မယားက သွားရောက်ရောင်းချခဲ့ကြောင်း၊ အမျိုးသမီးသုံးဦးအနက် ကျန်နှစ်ဦးမှာ ပြန်လည်လွတ်မြောက်လာခြင်းမရှိသေးသည့်အတွက် တရုတ်ပြည်ရှိ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးရုံးတွင် ဓာတ်ပုံများပေးပို့၍ ရှာဖွေလျက်ရှိကြောင်း သိရသည်။



အဆိုပါ တရားခံဟုယူဆရသူ ကျားလုနှင့် အင်ခွမ်ခေါန်လုံကို ဖားကန့်မြို့နယ် ကာမိုင်းရဲစခန်းတွင် ဖမ်းဆီးထားကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ယခုလအထိ လူကုန်ကူးခံရသည့် အမှုစုစုပေါင်း ၃၀ ဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၁၃ မှုနှင့် ၂၀၁၅ ခုနှစ်တွင် ၁၅ မှု ဖြစ်ပွားကာ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ မိုးကောင်းမြို့နှင့် ကာမိုင်းမြို့တို့တွင် လူကုန်ကူးမှု အများဆုံးဖြစ်ပွားခဲ့သည်။

**မင်းမင်းဦး**


# မှုခင်း အသိပညာပေးပြခန်း မော်တော်ယာဉ်ဖြင့် ဟောပြော

**ရေး ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခေတ္တာရေးမြို့နယ် ရဲတပ်ဖွဲ့မှူးတို့ စီစဉ်ကြီးကြပ်၍ မှုခင်းအသိပညာပေး မော်တော်ယာဉ်ဖြင့် ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရေးမြို့နယ် လမိုင်းမြို့ မော့ကနင်ကျေးရွာ ရပ်ကွက်(၂)ရှိ အထက်တန်းကျောင်း၌ ပြည်သူ့အတွက် ၂၄ နာရီ ဗီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါး အသိပညာပေးဇာတ်ကားများကို ပရိုဂျက်တာဖြင့် ဖွင့်လှစ်ပြသပေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးမျိုးသန့်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ လည်းကောင်း၊ လမိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဘကြိုင်က မှုခင်းကျဆင်းရေး၊ အမှုကြီးများမဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးတို့နှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ရဲတပ်ဖွဲ့**



**တာမွေမြို့နယ် ကျောက်မြောင်း အရှေ့ရပ်ကွက် ကျောက်ရေတွင်းလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှဘုန်းကျော်၊ မြို့နယ် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောစဉ်။**

ကြေးမုံ

# ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၃၀၊ သွင်းကုန် ၇၃၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၇၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၇၅ သန်းခန့်) စုစုပေါင်း တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၄၄၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၁ ရက်တွင် မန္တလေးသို့သွားရောက်မည့် Canter ခြောက်ဘီးယာဉ်သုံးစီး၊ Nissan ၁၂ ဘီးယာဉ် တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံဖာ ၂၅၀၊ စားသောက်ကုန်ပစ္စည်း သုံးမျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၇ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံတောင်ကြီးဒေသတွင် အော်ဂဲနစ်ကော်ဖီ ဧက ၅၀၀၀ အထူးဇုန်အဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိ



**သံတောင် ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် ဓာတုကင်းလွတ်အော်ဂဲနစ်နည်းစနစ်ဖြင့် ကော်ဖီဧက ၅၀၀၀ ကို အထူးဇုန်အဖြစ် စိုက်ပျိုးနိုင်ရေးနှင့် ဈေးကွက်ဝင် ဥယျာဉ်ခြံ သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသူရစိုး၊ ကော်ဖီနှင့် ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်က သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ရှိ စိုက်ကွင်းမြေနေရာများကို ကွင်းဆင်းကာ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံစိုက်ပျိုးသူအဖွဲ့များ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်းကာ ယခုနှစ်မှစ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနသည် ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် ဓာတုကင်းလွတ်အော်ဂဲနစ်နည်းစနစ်ဖြင့် ကော်ဖီဧက ၅၀၀၀ ကို အထူးဇုန်အဖြစ် ရည်မှန်းချက်ချမှတ်ပြီး စိုက်ပျိုးနိုင်ရေးအတွက် ဒေသတွင်းမှ တစ်ပိုင်တစ်နိုင်ခြံရှင်များအား ယခုနှစ်မှစ၍ နှီးဆော်စည်းရုံးလျက်ရှိပြီး ခေတ်မီတောင်စောင်းနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကော်ဖီစိုက်ပျိုးရန် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့် သံတောင်ကြီး၊ လိပ်သို၊ ဘောဂလိစိုက်ပျိုးရေး ရုံးများသို့ လည်းကောင်း၊ ပြင်ဦးလွင် ကော်ဖီသုတေသနဌာနများသို့ လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ် အစိုးရအဖွဲ့ထံ ဆက်သွယ်စုံစမ်း၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးညှင်းမြို့နယ်တွင် ကျပ်သိန်း ၁၂၅၄၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များ၊ မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ရောဦးစစ်ဆင်ရေးစီမံချက်ဖြင့် မိုးညှင်းမြို့နယ် မိုးညှင်း-ဝှေခါကားလမ်း နမ့်မွန်းကျေးရွာ အေးရိပ်မွန်လက်ဖက်ရည်ဆိုင်အနီးတွင် မူးယစ်ဆေးဝါးများကို ဝယ်လက်အသွင်ယူ၍ စောင့်ဆိုင်းနေစဉ် လှိုင်မြင့် မောင်းနှင်ပြီး ကိုကိုလင်းမောင် လိုက်ပါသည့် ယာဉ်နှင့် ဇင်မင်းဦး မောင်းနှင်ပြီး လှိုင်ဟန်ထွန်းတို့ လိုက်ပါသည့် မော်တော်ယာဉ်နှစ်စီးကို ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂၀ စီပါ ဆာလာအိတ် ငါးအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀၀ ခွက်(ဘိန်းဖြူ အလေးချိန် ၁၃ ဒသမ ၂ ကီလို)သိမ်းဆည်းရမိခဲ့သဖြင့် လှိုင်မြင့် (၃၀)နှစ်၊ ကိုကိုလင်းမောင်(၁၈)နှစ်၊ ဇင်မင်းဦး(၂၂)နှစ်နှင့် လှိုင်ဟန်ထွန်း(၂၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



## မြိတ်မြို့တွင် ကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြိတ် ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ် မြို့ပတ်(၂)လမ်းတွင် ဒီဇင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲက နေအိမ်တစ်အိမ်၌ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိရောင်းချသုံးစွဲနေကြောင်း သတင်းအရ မြိတ်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်မှူးခင်းအကူအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များသည် သွားရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀၀၊ ICE အမျိုးအစား အဖြူရောင် အစိုင်အခဲ ၁၉ ဒသမ ၅ ဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ မြို့ပတ်(၂)လမ်းတွင် နေထိုင်သော အောင်သန်းစိုး၏ နေအိမ်အတွင်းမှဖြစ်ပြီး ၎င်းအား မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိရောင်းချသုံးစွဲနေကြောင်း သတင်းအရ မြိတ်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်မှူးခင်းအကူအဖွဲ့မှ ရဲအုပ်ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အောင်သန်းစိုးအား ကျပ်သိန်း ၁၃၃၀ တန်ဖိုးရှိ WY စိတ်ကြွဆေးပြား ၂၆၆၀၀၊ ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ ICE အမျိုးအစား အဖြူရောင်အစိုင်အခဲ ၁၉ ဒသမ ၅ ဂရမ်နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း မြိတ်ခရိုင် ရဲတပ်ဖွဲ့မှ သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

## မောင်တောမြို့နယ်အတွင်း စိတ်ကြွဆေးပြား ၉၅၀၀၀ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး မသက်ာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မောင်တောမြို့နယ် ငါးခူရကျေးရွာအတွင်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသော မသင်္ကာသူအချို့ ကျေးရွာတွင်း ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ငါးခူရ အလယ်ရွာမှ လူနေထိုင်ခြင်းမရှိသော ဆွေယော့ဟူဆိန်း၏ နေအိမ်အတွင်း၌ ငွေကျပ်သိန်း ၁၉၀၀ တန်ဖိုးရှိ WY/R စိတ်ကြွဆေးပြား ၉၅၀၀၀ အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် မောင်တောမြို့နယ် အလယ်သံကျော်နယ်မြေစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းက သံဒါးကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးဆောင်ရွက်စဉ် ကျေးရွာအဝင်လမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ မော်တူလာကျေးရွာနေ မာမွတ်ဂျူဘာရ် (၂၇)နှစ်အား စစ်ဆေးရာ ၂၀၁၆ ခုနှစ် စွဲ၊ တင်၊ စစ် ကောက်ယူစဉ် ထွက်ပြေးတိမ်းရှောင်သူဖြစ်ကြောင်း သိရှိရသဖြင့် လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ပုဂံယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်း ရောက်ရှိနေသော ကျေးရွာအချို့မှ ပြည်သူများ၏ တင်ပြစာနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထား

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသမှ အမွေအနှစ်ဇုန် (Property Zone) အတွင်း ရောက်ရှိနေသော ကျေးရွာအချို့မှ ပြည်သူများသည် စားဝတ်နေရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန် ကန့်သတ်ခံရမည်ကို စိုးရိမ်၍ အမွေအနှစ်ဇုန်မှ ကြားခံဇုန်သို့ ပြောင်းလဲထည့်သွင်းပေးရန်နှင့် ထိုသို့ ပြောင်းလဲထည့်သွင်းပေးရန် တင်ပြချက်သည် ကမ္ဘာ့အမွေအနှစ်တင်သွင်းရေးအတွက် အဟန့်အတားဖြစ်ပါက အချက် (၃)ချက်ကို ပြင်ဆင်ပေးပါရန် လက်မှတ်ရေးထိုးထားသည့် အသနားခံတင်ပြစာကို တင်ပြလာကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ တင်ပြလာမှုအပေါ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒကိုအထူးအလေးထား၍ ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေသခံများ တောင်းဆိုသည့် ပထမအချက်ကို လူနေထိုင်ရန်၊ လယ်ယာလုပ်ငန်းနှင့် လက်မှုပစ္စည်း ထုတ်လုပ်ခြင်းကဲ့သို့သော ရိုးရာဓလေ့လုပ်ငန်းများ၊ ခွင့်ပြုချက်ဖြင့် ရုံးများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားဧည့်သည် တည်းခိုရန်စသည့် အသုံးပြုမှုများအတွက် ဆောက်လုပ်နိုင်သည်ဟူ၍ လည်းကောင်း၊ ဒုတိယအချက်ကို စားသောက်ဆိုင်များနှင့် ခရီးသွားများ တည်းခိုနေထိုင်ရန် တည်ဆောက်မည့် အဆောက်အအုံတစ်ခု၏ ဧရိယာသည် ပေ ၂၄၀၀ ထက် မပိုရဘဲ ကျေးရွာပုံစံ တစ်ထပ်သာဖြစ်ရမည်ဖြစ်ပြီး အမြင့် ၁၆ ပေထက် မကျော်လွန်ရ၊ နေအိမ်များအတွက် အမြင့်ပေ ၃၀ ထက် မကျော်လွန်ရဟူ၍ လည်းကောင်း၊ တတိယအချက်ဖြစ်သည့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများ တည်ဆောက်ခွင့်မပြုဟူသော အချက်အစား ဒေသခံများ အကြံပြုတင်ပြသော အချက်ကို အနည်းငယ် ဖြည့်စွက်၍ ပုဂ္ဂလိကဆက်သွယ်ရေး (သို့မဟုတ်) ရုပ်သံမီဒီယာကိရိယာများ ဂြိုဟ်တုနှင့် စလောင်းများနှင့် အလားတူပစ္စည်းများ တပ်ဆင်ခြင်းဆောင်ရွက်ရာတွင် မြင်သာထင်ရှားမှုမရှိအောင် ဆောင်ရွက်ရမည်၊ စီးပွားရေးဆိုင်ရာ ဆက်သွယ်ရေးတာဝါများကို တည်ဆောက်လိုပါက ရှေးဟောင်းအမွေအနှစ် မြင်ကွင်းအား ထိခိုက်မှုမဖြစ်စေသော ဆက်သွယ်ရေးစနစ် တည်ဆောက်သုံးစွဲနိုင်ရန် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်နိုင်မှုဆန်းစစ်ခြင်း (Heritage Impact Assessment) စိစစ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်ဟူ၍လည်းကောင်း ပုဂံရှေးဟောင်းအမွေအနှစ်ဒေသနှင့် ရှေးဟောင်းအဆောက်အအုံများ ဥပဒေမူဘောင်ပါ ကျေးရွာနယ်မြေများအတွက် အဆောက်အအုံဆိုင်ရာ ဒေသတွင်း ဥပဒေစည်းမျဉ်းများအရ ပြင်ဆင်ကာ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

ထို့ပြင် ဒေသခံပြည်သူများအနေဖြင့်လည်း ထူးခြားထင်ရှားသော ပုဂံဒေသကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ထုတ်ပြန်ချက်တွင် မေတ္တာရပ်ခံထားသည်။ **ရှင်မင်း**




## ဘင်္ဂလားဒေ့ရှ်ငွေ တာကာ ၅၀၀ တန် အရွက် ၉၀ အား တရားမဝင် ကိုင်ဆောင်သူ နှစ်ဦး တွေ့ရှိအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ပဒင်းကျေးရွာဘက်မှ မောင်တောသို့ မောင်းနှင်လာသော မော်တော်ယာဉ်များကို စစ်ဆေးစဉ် မောင်တောမြို့နယ်(၂)ရပ်ကွက်နေ ယာဉ်မောင်း မော်ဂျူအူလ္လာ မောင်းနှင်ပြီး ပဒင်းကညင်တန်းကျေးရွာနေ ရှော်ဖီအာမောက် လိုက်ပါလာသော 4L/--- ပရိုဘောက်ယာဉ်၏ ဒက်ရှ်ဘုတ်ပေါ်မှ ဘင်္ဂလားဒေ့ရှ်ငွေ တာကာ ၅၀၀ တန် အရွက် ၉၀ အား တွေ့ရှိခဲ့၍ စစ်ဆေးရာ တရားမဝင်ကိုင်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ရှော်ဖီအာမောက်နှင့် မော်ဂျူအူလ္လာတို့ နှစ်ဦးအား မန်ကျည်းချောင်းနယ်မြေစခန်း၌ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**ပြည်ပကော်ပိုရေးရှင်း၏အမည်**

၄၄။ (က) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် မှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏ အမည်နှင့်တူညီသော အမည်ကို သော်လည်းကောင်း၊ ထိုအမည်နှင့်ဆင်တူသောအမည်ကို သော်လည်းကောင်း၊ တည်ဆဲ အဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့်အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့်အခါမှတစ်ပါး မှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုရ။ ပြည်ပကော်ပိုရေးရှင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်စေရန်အတွက် ယင်း၏အမည်တွင် ယင်းနိုင်ငံ သို့မဟုတ် အခြားခွဲခြားသိမြင်နိုင်သည့်စာသား သို့မဟုတ် စကားရပ်များကို ထည့်သွင်းဖော်ပြနိုင်သည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲရန် ပြုလုပ်သည့်အခါ အမည်ပြောင်းလဲပြီးနောက် ၂၈ ရက်အတွင်းအမည်ပြောင်းရန် တင်ပြရမည့် သတ်မှတ် ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ပုဒ်မခွဲ(က) ပါပြဋ္ဌာန်းချက်များသည် လိုအပ်သော ပြောင်းလဲချက်များအားလုံးနှင့်အတူ အမည်ပြောင်းလဲမှုတစ်ရပ်အား မှတ်ပုံတင်ရာတွင် သက်ဆိုင်စေရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့်အညီ အမည်ပြောင်းလဲမှုအား မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ မှတ်ပုံတင်ထားသောအမည်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် လိုအပ်ပါက အဆိုပါအမည်အား ပြောင်းလဲစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါပြည်ပကော်ပိုရေးရှင်းသည် မှတ်ပုံတင်အရာရှိက ညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ နှစ်လအတွင်း ယင်း၏ မှတ်ပုံတင်ထားသည့် အမည်ကို ပြောင်းလဲရန် လိုအပ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၅။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၄ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် အဆိုပါကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိများသည် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းစီ ပေးဆောင်ရန် တာဝန်ရှိသည်။

**လုပ်ငန်းဆောင်ရွက်မှုများ တရားဝင်ဖြစ်ခြင်း**

၄၆။ ပြည်ပကော်ပိုရေးရှင်းတစ်ခုက ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် အဆိုပါ ပြည်ပကော်ပိုရေးရှင်းမှ ချုပ်ဆိုဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု တစ်ရပ်ရပ်၏ တရားဝင်မှု သို့မဟုတ် အတည်ပြုနိုင်မှုကို ထိခိုက်စေခြင်း မရှိစေရ။

**မှတ်ပုံတင်ရန်အတွက် လျှောက်ထားခြင်း**

၄၇။ (က) ဤအပိုင်းအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်ဖြစ်ပြီး ၎င်းသည်-

(၁) သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လျှောက်ထားခြင်းဖြစ်ရမည်။ ၎င်းအပြင်

(၂) ပြည်ပကော်ပိုရေးရှင်းက သော်လည်းကောင်း၊ ယင်းကိုယ်စားသော်လည်းကောင်း လက်မှတ်ရေးထိုးထားခြင်းဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအပြင် လျှောက်လွှာတွင်-

(၁) ပြည်ပကော်ပိုရေးရှင်း၏အမည်ကို ဖော်ပြရမည်။

(၂) လျှောက်လွှာတင်သည့်နေ့တွင် ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်။

(၃) ပြည်ပကော်ပိုရေးရှင်းမှ ခန့်အပ်ထားသည့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးကို ခန့်အပ်ထားသည်ဟု ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏အမည် အပြည့်အစုံ၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်။ ၎င်းအရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူဖြစ်သည်။

(၄) အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိအဖြစ် အမည်ဖော်ပြထားသော ပုဂ္ဂိုလ်သည် ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိအဖြစ် ဆောင်ရွက်ရန်အတွက် စာဖြင့်ရေးသား သဘောတူညီချက် ပြုလုပ်ထားကြောင်း ဖော်ပြရမည်။

(၅) ပြည်ပကော်ပိုရေးရှင်း၏ နိုင်ငံတော်အတွင်း၌ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ အပြည့်အစုံကို ဖော်ပြရမည်။

(၆) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာ၏ လိပ်စာအပြည့်အစုံ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာ တစ်နေရာထက်ပိုနေပါက အဓိကနေရာ၏ လိပ်စာအပြည့်အစုံအား ဖော်ပြရမည်။

(၇) ကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ မူလနိုင်ငံရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော အဓိကနေရာ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်။

(၈) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန်ကြောင်း ပြည်ပကော်ပိုရေးရှင်းမှ တာဝန်ယူ ထုတ်ဖော် ကြေညာချက်တစ်ရပ်ပါရှိရမည်။ ၎င်းအပြင်

(၉) ပြည်ပကော်ပိုရေးရှင်းကို ဖွဲ့စည်းတည်ထောင်သည့် သက်သေခံ အထောက်အထားအား ပူးတွဲတင်ပြရမည့်အပြင် ကော်ပိုရေးရှင်း ဖွဲ့စည်းခြင်းဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း၏ မိတ္တူတစ်စောင်၊ ယင်းအား မြန်မာဘာသာဖြင့် ရေးသားထားခြင်းမရှိလျှင် အဆိုပါကော်ပိုရေးရှင်းကိုယ်စား ဒါရိုက်တာ တစ်ဦးက တရားဝင် အတည်ပြုထားသည့် အင်္ဂလိပ်ဘာသာဖြင့် အကျဉ်းချုပ်ဖော်ပြချက်နှင့် မြန်မာဘာသာဖြင့်လည်း ပြန်ဆိုထားသည့် စာရွက်စာတမ်းကို တင်ပြရမည်။

(ဂ) လျှောက်လွှာတင်သွင်းသည့်အခါ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းရမည်။

(ဃ) လျှောက်လွှာ၊ ယင်းနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ၏ မူရင်းကွဲများနှင့် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄) တွင် ဖော်ပြပါရှိသည့် သဘောတူညီချက်၏ မူရင်းကို အခွင့်အာဏာ အပ်နှင်းခြင်းခံရသောအရာရှိက သိမ်းဆည်းထားရမည်ဖြစ်ပြီး ပြည်ပကော်ပိုရေးရှင်း၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်။

၄၈။ ပုဒ်မ ၄၇ အရ လျှောက်ထားရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မမှန်မကန်တင်ပြခဲ့ပါက ပြည်ပကော်ပိုရေးရှင်းသည် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်ခြင်း**

၄၉။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက်တင်ပြလာသည့် ပြည်ပကော်ပိုရေးရှင်း လျှောက်လွှာတစ်စောင်အား ၎င်းအနေဖြင့် ဤအခန်းအတွက် ထားရှိသော မှတ်ပုံတင်စာအုပ်၏အပိုင်းတစ်ခုတွင် မှတ်ပုံတင်သွင်းရမည်။ ၎င်းအပြင် အောက်ပါအချက်များကိုဖော်ပြလျက် မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည်-

(၁) ကော်ပိုရေးရှင်း၏အမည်၊

(၂) ကော်ပိုရေးရှင်းအား ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားကြောင်း၊

(၃) မှတ်ပုံတင်သည့်နေ့၊

(၄) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်ကို ထိန်းသိမ်းထားရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းမှာ ကောင်းမွန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို သိရှိနိုင်စေရန်အတွက် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းများ ထပ်မံလိုအပ်သည်ဟု သင့်သည်ထင်မြင်သည်မှအပ ပုဒ်မ ၄၇ တွင် ဖော်ပြထားသော သို့မဟုတ် ယင်းပုဒ်မအရ လိုအပ်သော မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အခြားစာရွက်စာတမ်းတစ်စုံတစ်ရာကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့်အကြောင်းအချက်မှတစ်ပါး တင်ပြရန် လိုအပ်ခြင်း မရှိစေရ။

**ပြည်ပကော်ပိုရေးရှင်းမှ အမည်အား အသုံးပြုခြင်း**

၅၀။ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် ၎င်းတို့၏ အမည်အပြည့်အစုံနှင့် ၎င်းတို့အား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံ၏အမည်တို့ကို အောက်ပါကိစ္စရပ်များတွင် သေချာစေရန်-

(က) ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်မှုများ အားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) ကော်ပိုရေးရှင်း၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေမည့် သို့မဟုတ် ဖြစ်တည်စေမည့် ကော်ပိုရေးရှင်းမှသော် လည်းကောင်း၊ ကော်ပိုရေးရှင်း၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံးတွင် ရှင်းလင်းစွာဖော်ပြရမည်။ ၎င်းအပြင်

(ဂ) မှတ်ပုံတင်ထားသော ရုံးခန်းနေရာနှင့် နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာတို့၌ ပေါ်လွင်ထင်ရှားစွာ ဖော်ပြထားရမည်။

**အသေးစိတ်အချက်အလက်များကို ပြောင်းလဲပြင်ဆင်ခြင်း**

၅၁။ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သောပြည်ပကော်ပိုရေးရှင်းတစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ပြောင်းလဲပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ရက်ပေါင်း ၂၈ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပေးပို့တင်ပြရမည် -

(က) ပြည်ပကော်ပိုရေးရှင်းအား ဖွဲ့စည်းသည့် စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း၊

(ခ) ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများပြောင်းလဲခြင်း သို့မဟုတ် ဒါရိုက်တာများ၏ အမည်များ သို့မဟုတ် နေထိုင်ရာလိပ်စာများ ပြောင်းလဲခြင်း၊

(ဂ) ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ထိုသို့ ပြည်ပတွင် လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာ၏ လိပ်စာပြောင်းလဲခြင်း သို့မဟုတ်

(ဃ) နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာလိပ်စာ ပြောင်းလဲခြင်း၊ အဆိုပြုချက်ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို အဆိုပါလိပ်စာ ပြောင်းလဲခြင်း မပြုမီ ကြိုတင်ပေးပို့ရမည်။

(င) အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ယင်း၏ လိပ်စာအတွက်သော်လည်းကောင်း၊ ပြည်ပကော်ပိုရေးရှင်းကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းဆောင်ရွက်မှုများ လက်ခံပြုလုပ်ရန်အတွက် အာဏာအပ်နှင်းထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခြင်း သို့မဟုတ် ၎င်း၏ အသေးစိတ် အချက်အလက်များအတွက်သော်လည်းကောင်း ပြောင်းလဲခြင်း၊ ထိုသို့ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို ခုနစ်ရက်အတွင်း ပေးပို့ရမည်။

၅၂။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၁ ပါပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် အဆိုပါပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိများသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းစီ ပေးဆောင်ရန် တာဝန်ရှိသည်။

**ပြည်ပကော်ပိုရေးရှင်းမှ နှစ်စဉ်တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များ**

၅၃။ (က) နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် အောက်ပါတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်-

(၁) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ၂၈ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသော နှစ်စဉ်အစီရင်ခံစာနှင့်

(၂) ကော်ပိုရေးရှင်းအနေဖြင့် ၎င်း၏ မူလနိုင်ငံတွင် ဥပဒေအရ ပြုစုတင်ပြရန် လိုအပ်သော ပုံစံ၊ ပါဝင်ရမည့် အသေးစိတ်အချက်အလက်များ၊ လိုအပ်သည့် စာရွက်စာတမ်း မိတ္တူများပါရှိစေလျက် ၁၅ လထက်မပိုသောကာလအတွင်းဖြစ်ပြီး ပြက္ခဒိန်နှစ် တစ်ခုထက်မကျော်လွန်စေဘဲ -

(ကက) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည်အထိ ပြုစုထားသော လက်ကျန်ရှင်းတမ်း (balance sheet)၊

(ခခ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေထွက်ငွေ ဖော်ပြချက်စာရင်း (Cash Flow Statement) မိတ္တူတစ်စောင်နှင့်

(ဂဂ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ် ဖော်ပြချက်စာရင်း (Profit & Loss Statement) မိတ္တူတစ်စောင်၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်အတိုင်း ကော်ပိုရေးရှင်းမှာ ၎င်း၏ မူလနိုင်ငံဥပဒေအရ ဖော်ပြပါ စာရွက်စာတမ်းများကို တင်ပြရန် မလိုအပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်အတွင်း ၎င်း၏စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရန် ကုမ္ပဏီအား တောင်းဆိုနိုင်သည်။ ကော်ပိုရေးရှင်းအား ဤဥပဒေအရ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားသကဲ့သို့ ကော်ပိုရေးရှင်းမှ ပြုစုတင်ပြရန်လိုအပ်သည့် အဆိုပါပုံစံဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ဖြစ်စေ အဆိုပါစာရွက်စာတမ်းများအား ပြုစုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းရှိ၊ မရှိကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်း တစ်ရပ်ရပ်ကို စာရင်းစစ်ဆေးစေခိုင်းနိုင်သည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းရှိ၊ မရှိကို ထည့်သွင်းဆုံးဖြတ်နိုင်သည်။

၅၄။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၃ ပါ ဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိများသည် သက်ဆိုင်ရာချိုးဖောက်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းစီ ပေးဆောင်ရမည်။

**နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲသည့်ပြည်ပကော်ပိုရေးရှင်း**

၅၅။ (က) နိုင်ငံတော်အတွင်း၌ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲပြီး ၂၁ ရက်အတွင်း ထိုသို့ရပ်စဲမှုအား သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင်ဖော်ပြလျက် အကြောင်းကြားချက်တစ်ရပ်ကို တင်ပြရမည်ဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ပကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ခြင်းရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်သည့်အခါ မှတ်ပုံတင်စာရင်းမှ အဆိုပါပြည်ပကော်ပိုရေးရှင်း၏ အမည်ကို ပယ်ဖျက်ရမည်။ **ဆက်လက်ဖော်ပြပါမည်။**

# ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တံခွန်စိုက်ဆုရ အမျိုးသား၊ အမျိုးသမီး ဝူရှူးအသင်းအားဂုဏ်ပြု




**ချမ်းမြသာစည် ဒီဇင်ဘာ ၁၂**
၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဝူရှူးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်ညနေ ၅ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ မန္တလာသီရိအားကစားကွင်း D-21 Mandalay Wushu Traning Centre ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်အေးက ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ အသင်းအုပ်ချုပ်သူများက တံခွန်စိုက်ဆုဖလားအား အပ်နှံကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသက်ဝေနှင့် စေတနာရှင်များက တံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဝူရှူးအားကစားသမားများအား ဂုဏ်ပြုငွေများပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်) စစ်ကိုင်းမြို့တွင် Applied Computer Course (4/2017)သင်တန်းဖွင့်

**စစ်ကိုင်း ဒီဇင်ဘာ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်) စစ်ကိုင်းမြို့တွင် Applied Computer Course (4/2017) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးသော်ထွန်းဦးက ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကွန်ပျူတာနှင့် စာစီစာရိုက်ခြင်း၊ စာရင်းဇယားများ ရေးသွင်းခြင်း၊ အစီရင်ခံစာများကို အင်တာနက်အသုံးပြုပြီး လျင်မြန်လွယ်ကူစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းကပို့ချပေးလိုက်သည့် ပညာရပ်များကို စိတ်ဝင်စားစွာ သင်ယူသွားကြစေလိုပြီး မိမိတို့ဒေသရောက်ရှိသည့်အခါ လက်တွေ့အသုံးချသွားကြစေလိုကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**

# ညောင်ဦးတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး ညောင်ဦးခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်ဦးဆောင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်(အင်/ယာ)နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသို့ သွားရောက်ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲတွင် ညောင်ဦးခရိုင် လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်က လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ကြိုတင်သတိပြု လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။

ထို့နောက် ညောင်ဦးမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန် (အင်/ယာ)က ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်ထရန်စဖော်မာ တပ်ဆင်ရေး မြေနေရာရွေးချယ်ဆောင် ရွက်ရမှုအပိုင်းနှင့် ဓာတ်အားလိုင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ သွယ်တန်းတပ်ဆင်မှုလုပ်ငန်းများ အကြောင်းကို ပညာပေးရှင်းလင်းဟောပြောပေးခဲ့ပြီး တက်ရောက်လာသူများကို လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲသို့ ညောင်ဦးခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်၊ ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်(အင်/ယာ)နှင့် ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်းရုံးမှ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့် မြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်းဝင်ကျေးရွာများမှ စီမံကိန်းကော်မတီဝင်များ စုစုပေါင်းအင်အား ၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုပုံပြောပြိုင်ပွဲကျင်းပ

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၁၂**
ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာစေရန်နှင့် လွတ်လပ်ရေးနေ့၏ အဓိပ္ပာယ်အား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပုံပြောပြိုင်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ မန္တလေးခရိုင် Communiy Centre ၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြိုင်ပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုံပြောပြိုင်ပွဲကို ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ် အ-လ-က (၂၅) မှ ကျောင်းသား၊ ကျောင်းသူ ၃၀ တို့ က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ အ-လ-က (၂၅) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# အမျိုးသားတံခွန်စိုက်ဆုဖလား (BMX)စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**
Myan Shwe Pyi Tractors Limited, Myanmar C.P. Livestock Co.,Ltd, F&N Co.,Ltd (100 PLUS)နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၉) ကြိမ်မြောက် အမျိုးသားတံခွန်စိုက်ဆုဖလား (BMX) စက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၇ နာရီက နေပြည်တော်ရှိ Mount Pleasantတွင် ကျင်းပခဲ့သည်။



အမျိုးသား (BMX) Elite စက်ဘီးပြိုင်ပွဲတွင် ကလပ်အသင်းများမှ မျိုးဆက်သစ်အားကစားသမား စုစုပေါင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ ဇာနည် (၃၅ ဒသမ ၁၁)၊ ဒုတိယ ခွန်အောင်သိန်း (၃၈ဒသမ ၇၀)၊ တတိယ ကောင်းထက်သာ (၃၆ ဒသမ ၇၇)၊ စတုတ္ထ ဝေယံလင်း (၃၈ ဒသမ ၇၀)၊ ပဉ္စမ ကျော်ဇင်သန့်(၄၀ ဒသမ ၃၅) တို့မှ အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား (BMX) Beginner စက်ဘီးပြိုင်ပွဲတွင် ကလပ်အသင်းများမှ မျိုးဆက်သစ်အားကစားသမား ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ စောအယ်ခူး (၄၂ ဒသ မ၈၂)၊ ဒုတိယ ဖြိုးဟိန်းကျော် (၄၇ ဒသမ ဝ၈)၊ တတိယ သူရ (၄၈ ဒသမ ၅၅)၊ စတုတ္ထ အောင်ဘ (၄၈ ဒသမ ၈၃)၊ ပဉ္စမ ရန်နိုင် (၄၉ ဒသမ ၉၈)တို့ မှ အနိုင်ရရှိခဲ့သည်။

အဆိုပါ (၅၉) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (Down Hill) စက်ဘီးစီးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၇ နာရီတွင် Mount Pleasant ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိသည်။ **မောင်မောင်ဇော်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး

**သာစည် ဒီဇင်ဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် ရောင်စဉ်တန်းအဖွဲ့မှပြုလုပ်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအသိပညာပေးအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာစည်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်ဇင်က အမှာစကားပြောကြားပြီး စေတနာမွန်အဖွဲ့မှ ဒေါ်အိအိချောက ၁၆ ရက်တာလှုပ်ရှားမှုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တေးသီချင်းများဖြင့်ဖျော်ဖြေပြီး စေတနာမွန်အမျိုးသမီးအဖွဲ့က ထာဝရဖဲကြိုးဖြူပညာပေးသံချပ်ဖြင့် ဧည့်ခံဖျော်ဖြေသည်။

ထို့နောက် ရောင်စဉ်တန်းအဖွဲ့ခေါင်းဆောင် ဦးထွန်းထွန်းအောင်နှင့် စေတနာမွန်အဖွဲ့တို့က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေးမေးခွန်းများမေးမြန်းကာ ဖြေဆိုလိုသူများကို ဖိတ်ခေါ်ဖြေဆိုစေ၍ အမှတ်တရလက်ဆောင်များပေးပြီး သတင်းအချက်အလက်များကို မျှဝေပေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်အိအိသန်း၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



# မကွေးမြို့တွင် ကလေးစာပေပွဲတော်ကျင်းပမည်

**မကွေး ဒီဇင်ဘာ ၁၂**
မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးမြို့ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ပြိုင်ပွဲများအနေဖြင့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်စုံပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ မူကြိုကဗျာရွတ်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ပါဝင်ကျင်းပသွားမည်ဖြစ်ပြီး ပြခန်းများမှာ ကလေးစာဖတ်ခန်း၊ စာအုပ်ပြခန်း၊ ကာတွန်း၊ ကဗျာပြခန်းနှင့် မျက်လှည့်ပြပွဲ၊ အရုပ်၊ ပန်းအလှပြခန်းနှင့် သင်ကြားပေးခြင်း၊ ယဉ်ကျေးမှုနှင့် ဒေသဆိုင်ရာပြခန်း၊ အာကာသနှင့် စကြဝဠာပြခန်း၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြခန်းနှင့် ကျန်းမာရေးပြခန်းတို့ပါဝင်ပြီး မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြဖို့ မြေစိုက်ကြော်ငြာပိုစတာကြီးများ စိုက်ထူကာ နွေးထွေးပျူငှာစွာဖိတ်ခေါ်ထားရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# တိုင်းရင်းသားတို့၏စာပေနှင့် ရိုးရာအမွေအနှစ်ပြပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၂**

ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်းပြီး တိုင်းရင်းသားတို့၏ စာပေနှင့်ရိုးရာအမွေအနှစ်ပြပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနမှူးရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ထို့နောက်လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်ဆန်းဦးက အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်ကပြပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီးတက်ရောက်လာကြသူများက ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပြပွဲကို ညောင်လေးပင်၊ သာယာဝတီ၊ ပဲခူးတို့တွင်ကျင်းပပြီး ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ တောင်ငူစသည့်မြို့များတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးဌာနနှင့် သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ပူးပေါင်း၍ ဆက်လက်ဆောင်ရွက် ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲအား ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နေ့စဉ်နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီခွဲထိ တိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်များ၊ ဝတ်စားဆင်ယင်မှုများ၊ သမိုင်းဆိုင်ရာအကြောင်းအရာများ၊ စာပေများနှင့်နေထိုင်မှုများအား ကျောင်းသား ကျောင်းသူများနှင့်ပြည်သူများ လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ ပြပွဲကျင်းပသွားခြင်းဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**



# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တအာင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်မြို့ရှိ ပြည်သူ့ဥယျာဉ်တွင် ဒီဇင်ဘာ ၁၁ ရက် ညနေ ၅ နာရီက ၂၇၀၉ ခုနှစ်မြောက် လုံ့က်နီဒါင်ခေါ်တအာင်း (ပလောင်) နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

"ဒီနှစ်နှစ်သစ်ကူးပွဲတော်က အရင်နှစ်တွေထက်တက်ရောက်တဲ့သူတွေပိုများတယ်၊ မနှစ်ကထက်ကောင်းအောင်လည်း ပြင်ဆင်ထားတယ်၊ နှစ်သစ်ကူးမှာ တိုင်းရင်းသားတွေအားလုံးကို ဖိတ်တယ်၊ တိုင်းရင်းသားတွေအားလုံး ချစ်ကြည်ရင်းနှီးမှုတွေရဖို့ပါ၊ ကျွန်မတို့ကို ပလောင်လို့မခေါ်ဘဲ တအာင်းလို့ ခေါ်ရင်ပိုကြိုက်တယ်" ဟု တအာင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်ဒီဒါင်းနန်းလီက ပြောသည်။

အဆိုပါ ပွဲတော်တွင် တအာင်းရိုးရာအက သိုင်းအက၊ ပြဇာတ်၊ သံချပ်၊ တေးသရုပ်ဖော်၊ တအာင်းများ၏တေးသီချင်းများသီဆိုခြင်း၊ ရိုးရာအဝတ်အစားများရောင်းချခြင်း၊ အစားအသောက်များရောင်းချခြင်းအပြင် ကံစမ်းမဲများနှိုက်ခြင်းစသည့် အစီအစဉ်များပါဝင်သည်။

ရန်ကုန်မြို့တွင်တအာင်းနှစ်သစ်ကူးပွဲတော် ၂၀၁၃ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး ထူးခြားချက်အနေဖြင့် ယခုနှစ်တွင် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ တအာင်းနှစ်သစ်ကူးပွဲတော်အကြိုအနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

တအာင်း(ပလောင်) တိုင်းရင်းသားများသည် ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဖြစ်သော နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်နှင့်နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ လားရှိုး၊ နမ္မတူ၊ မိုးကုတ်၊ မိုးမိတ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကလော၊ ရပ်စောက်၊ မိုင်းကိုင်မြို့နယ်တို့တွင် အများဆုံးနေထိုင်ပြီး ရန်ကုန်၊ မန္တလေးအစရှိသဖြင့် နေရာအနှံ့တွင် နေထိုင်ကြောင်း၊ အဓိကစီးပွားရေးလုပ်ငန်းအနေဖြင့် လက်ဖက်ခြောက်စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခြင်းကိုလုပ်ကိုင်ကြောင်းသိရသည်။

**သတင်း–ဓာနည်မောင်၊ ဓာတ်ပုံ–အေးမင်းသူ**



# ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၄ နာရီက သန်လျင်မြို့ အမှုထမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် သန်လျင်မြို့နယ် မဲဆန္ဒနယ် အမှတ် ၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၅၀ အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က အမှုထမ်းရပ်ကွက်၊ လမ်းမီးဖြစ်မြောက်ရေးကော်မတီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုလို နိုင်ငံတော်မှ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေပေးအပ်ခြင်းကြောင့် ကျွန်တော်တို့ ရပ်ကွက်အတွင်း လမ်းမီးများလင်းရေးအတွက် ဆောင်ရွက်သွားမည်ကို သိရှိတော့ ဝမ်းသာပါကြောင်း၊ ရပ်ကွက်အတွင်း လမ်းများ မီးလင်းနေပါက ဒုစရိုက်မှုများလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း အမှုထမ်းရပ်ကွက်နေ ပြည်သူ ဦးမောင်ဝင်းက ပြောကြားသည်။

**သက်ခိုင်(သန်လျင်)**

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များထုတ်ပေး

**အလုံ ဒီဇင်ဘာ ၁၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် လူမှုဖူလုံရေးရုံးဝင်းအတွင်းရှိ လေးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက အမှာစကား ပြောကြားပြီး အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အလုပ်သမား ငါးဦးအတွက် ကျန်ရစ် သူ အကျိုးခံစားခွင့်ငွေလုံးငွေရင်း ၁၈၆၂၀၆၄၆ ဒသမ ၄၅ ကျပ်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမား ခုနစ်ဦးအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်းကျပ် ၁၇၉၆၄၈၇၀ နှင့် ဆေးဖိုးကုန်ကျမှုပြန်အမ်းငွေ ငါးဦး အတွက် ကျပ် ၉၆၉၉၅၀၀ စုစုပေါင်း ၄၆၂၈၅၀၁၆ ဒသမ ၄၅ ကျပ်အား ခွင့်ပြုထုတ်ပေးခဲ့ပြီး အကျိုးခံစားခွင့်ရရှိသူများ၏ကိုယ်စား အင်ဂျင်နီယာမှူး ဦးဇော်မိုးအေး(မြန်မာ့မီးရထား)က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ (ရုံးချုပ်)အာမခံဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ၊ ခရိုင်တာဝန်ခံ အရာရှိများ၊ မြို့နယ်ရုံးခွဲတာဝန်ခံများ၊ တာဝန်ခံဆရာဝန်များနှင့် ဒုတိယဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြော

**သုံးခွ ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဘုရားကြီးကျေးရွာထန်းငြိမ်းစေတီတော် အာရုံခံတန်ဆောင်းတွင် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ၁ နာရီ ၄၅ မိနစ်ထိ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုဟောပြောပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း သုံးခွမြို့နယ် လျှပ်စစ်မန်နေဂျာဦးထက်နိုင်က လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားရာ ကျေးရွာသူကျေးရွာသား ၈၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

တက်ရောက်လာသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ကိုကျော်(သုံးခွ)**



# သာကေတမြို့နယ်တွင် လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေးဟောပြော

**သာကေတ ဒီဇင်ဘာ ၁၂**

သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၈ ရက် ည ၇ နာရီခွဲက လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

သာကေတမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကြွယ်က လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြောရာ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မန်ချက်စတာဒါဘီ မန်စီးတီးအလွန်အမင်းအောင်ပွဲခံမှုအပေါ် ပြစ်တင်စရာမရှိ



မေလဲ့သင်း စုစည်းသည်

တနင်္ဂနွေနေ့ မန်ချက်စတာဒါဘီ ပွဲသိမ်းခရာမှုတ်သိမ်းချိန်မှာ မန်စီးတီး ကစားသမားတွေဟာ ပရိသတ်တွေရှေ့ သွားရောက်ပြီး အကြီးအကျယ် သွားရောက်အောင်ပွဲခံခဲ့သလို နည်းပြအဖွဲ့ဝင်တွေကလည်း ပါဝင်အောင်ပွဲခံခဲ့ပါတယ်။ ဒါပေမယ့် မန်စီးတီးနည်းပြ ဂွါဒီယိုလာကတော့ နည်းပြအဖွဲ့ဝင်တွေနဲ့အတူ အောင်ပွဲခံဖို့ ငြင်းပယ်ခဲ့ပြီး ရှုပ်ထွေးမှုဖြစ်နိုင်မယ့် အခြေအနေကို ရှောင်လွှဲခဲ့ပါတယ်။

အဲဒီနောက် မန်ယူနည်းပြ မော်ရင်ဟိုနဲ့ မန်စီးတီးဂိုးသမား အီဒါဆင်တို့ ပေါ်တူဂီဘာသာစကားနဲ့ စကားလုံးတိုက်ပွဲနွှဲခဲ့တာ၊ မန်စီးတီး နည်းပြအဖွဲ့ဝင် အတီတာကော်ရေဘူးနဲ့ ပစ်ပေါက်ခံလိုက်ရတာ၊ မော်ရင်ဟိုက ဧည့်သည်အသင်း အဝတ်လဲခန်းအပြင်ဘက်မှာ ခံစားချက်ကို မထိန်းနိုင်မသိမ်းနိုင်ဖြစ်ခဲ့တာ စသဖြင့် နောက်ပိုင်း ပြဿနာတွေကိုပါ ဆက်လက်ဖြစ်ပေါ်ခဲ့ပါတယ်။

အတီတာဟာ ရေဘူးနဲ့ ပစ်ပေါက်ခံခဲ့ရတာကြောင့် မျက်နှာပေါ်အထိ သွေးတွေစီးကျခဲ့တယ်လို့ သတင်းတွေ ထွက်ခဲ့သလို ဒီဇင်ဘာ ၁၁ ရက် မန်စီးတီးအသင်း လေ့ကျင့်ရေးကွင်းကို ရောက်လာချိန် အသင့်စောင့်ဆိုင်းနေတဲ့ သတင်းသမားတွေကိုရှောင်လွှဲဖို့ နဖူးကို လက်နဲ့ကာထားတာကိုတွေ့ရပါတယ်။ ထိုရေဘူးကို ပစ်ပေါက်ခဲ့သူက မန်ယူတိုက်စစ်မှူး လူကာကူ ဖြစ်တယ်လို့ The Sun သတင်းဌာနက ဖော်ပြခဲ့ပေမယ့် ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျ အတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။ ဒ့ါအပြင် ဘယ်လ်ဂျီယံကစားသမားနှစ်ဦးဖြစ်တဲ့ လူကာကူနဲ့ ကွန်ပနီတို့ဟာ ဥမင်အတွင်း အချေအတင်ဖြစ်ခဲ့သေးတယ်လို့လည်း သိရပါတယ်။

ဒီပြဿနာဟာ မန်ယူကွင်း အိုးထရက်ဖို့ဒ်ကွင်းမှာ မန်စီးတီး ကစားသမားတွေ လွန်လွန်ကျူးကျူး အောင်ပွဲခံမှုကြောင့် ဖြစ်လာတာဆိုတဲ့ ပြစ်တင်မှုတွေလည်း ရှိနေပေမယ့် အာဆင်နယ်ကစားသမားဟောင်း အီယန်ရိုက်ကတော့ မန်စီးတီးဘက်ကို အပြစ်တင်ဖို့ မဖြစ်နိုင်ဘူးလို့ ဆိုလိုက်ပါတယ်။ အီယန်ရိုက်က "လူတွေက သူတို့အနေနဲ့ အဆင့်တစ်ခုမှ ရှိမနေဘူးလို့ စွပ်စွဲဝေဖန်နေကြပါတယ်၊ သူတို့တွေက ပြောနေကြတယ်၊ အနိုင်ရရင် ဘယ်လိုပြုမူသင့်သလဲဆိုတာကိုပေါ့၊ ဒါပေမယ့် ဒီနိုင်ပွဲက ပြိုင်ဘက်ကောင်းကို အနိုင်ယူပြီး ၁၄ ပွဲဆက် အနိုင်ရတယ်ဆိုတဲ့ မှတ်တမ်းတစ်ခုကို ချိုးဖျက်နိုင်တဲ့ နိုင်ပွဲဆိုတာ စဉ်းစားပေးရမယ်"လို့ တုံ့ပြန်ခဲ့တာ ဖြစ်ပါတယ်။

အီယန်ရိုက်ကတော့ မော်ရင်ဟိုအနေနဲ့ ဒီလို ကိုယ့်အိမ်ကွင်းမှာ ပြိုင်ဘက်က အလွန်အကျူးအောင်ပွဲခံသွားတဲ့ အခြေအနေကို ဥပမာထားပြီး မန်ယူကစားသမားတွေကို နိုင်ပွဲဆာလောင် စိတ်ဖြစ်လာအောင်သာ တိုက်တွန်းသင့်တယ်လို့ အကြံပြုခဲ့ပါတယ်။ နှစ်သင်းစလုံးကတော့ ဒီကိစ္စရပ်အတွက် တစ်ဖက်ကို တစ်ဖက်ပြစ်တင်ဝေဖန်ခဲ့ကြပြီး အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ဒီဖြစ်ရပ်အတွက် စုံစမ်းမှုတွေ ပြုလုပ်သွားမယ်လို့ ဒီဇင်ဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။

## နေမာနှင့် ရီးယဲလ်တို့အကြား သဘောတူညီချက် ရရှိခဲ့ဟု သတင်းများထွက်ပေါ်

တိုက်စစ်မှူး နေမာကို ပီအက်စ်ဂျီအသင်းက ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ခေါ်ယူခဲ့သော်လည်း နှစ်ရာသီအကြာ ၂၀၁၈ ခုနှစ်တွင် ရီးယဲလ်သို့ ပြန်လည်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။ စပိန်မှလာသော သတင်းရင်းမြစ်များက နေမာနှင့် ရီးယဲလ်တို့အကြား သဘောတူညီမှု ရရှိခဲ့ပြီး နေမာအနေဖြင့် ပီအက်စ်ဂျီတွင် နောက် ၁၈ လသာ ဆက်နေမည်ဖြစ်ကြောင်း ရိုဒရီဂိုးသတင်းဌာနက အတိအကျဖော်ပြခဲ့ခြင်းဖြစ်သည်။

နေမာက ဘလွန်းဒီအောဆုရရှိရန် ဆန္ဒပြင်းပြနေပြီဖြစ်ရာ သူ၏ အိပ်မက်ပြည့်ဝရေးအတွက် ရီးယဲလ်တွင် ကစားခြင်းက ပိုမိုအခွင့်ကောင်းဟု ယူဆသဖြင့် ရီးယဲလ်သို့ ပြောင်းရွှေ့လိုခြင်း ဖြစ်သည်။

## မန်ယူထက် မန်စီးတီးပွဲများကိုသာ စောင့်ကြည့်ဖြစ်ဟု ဗန်ဟားလ် ပြောကြား

မန်ယူနည်းပြဟောင်း ဗန်ဟားလ်က သူ့အနေဖြင့် မန်ယူ၏ ပွဲစဉ်များထက် မန်စီးတီးပွဲစဉ်များကိုသာ စောင့်ကြည့်လေ့ရှိကြောင်း ပြောကြားခြင်းဖြင့် သူ့နေရာ ဆက်ခံခဲ့သော မော်ရင်ဟိုကို ရိလိုက်ပြီဖြစ်သည်။ ဗန်ဟားလ်က မော်ရင်ဟိုလက်အောက် မန်ယူက သူ့လက်ထက် မန်ယူထက် ပိုမိုငြီးငွေ့ဖွယ်ကောင်းပြီး "ခင်ဗျားတို့ ယူနိုက်တက်မှာ ကျွန်တော် ဘာလုပ်သလဲမေးရင် ကျွန်တော့်ရဲ့ အကောင်းဆုံး နှစ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်၊ ကျွန်တော်တို့ ဘောလုံးကို သူ့လမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန်ဖြစ်အောင် ကစားခဲ့တယ်၊ ဒါကို အင်္ဂလန်မှာ ဘောလုံးလို့ မခေါ်ဘူးဗျ၊ ခု မော်ရင်ဟိုလက်အောက်မှာ အများကြီး ပျင်းရိဖို့ကောင်းတဲ့အနေအထားဖြစ်နေတာတောင် လူတွေက သူ့ကိုဆို မဝေဖန်ကြဘူးဗျ" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

## အိုဇေးလ်ကို အာဆင်နယ် စာချုပ်သစ် ထပ်မံကမ်းလှမ်း

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား မီဆပ်အိုဇေးလ်ကို နောက်ဆုံးအကြိမ် ကြိုးပမ်းမှုအဖြစ် စာချုပ်သစ်တစ်ရပ် ထပ်မံကမ်းလှမ်းလိုက်ပြီဖြစ်သည်။ အိုဇေးလ်ကို မန်ယူနှင့် ဘာစီလိုနာတို့မှ ကမ်းလှမ်းမှုပြုနေပြီဖြစ်ရာ ဇန်နဝါရီ ၁ ရက်တွင် ဈေးကွက်ဖွင့်လှစ်ချိန်မတိုင်မီ သုံးပတ်အတွင်း စာချုပ်သစ် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်က အိုဇေးလ်ကို တစ်ပတ်လုပ်ခ ပေါင် ၂၇၅၀၀၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း အိုဇေးလ်က ငွေကြေးထက် အောင်မြင်မှုကသာ သူ့အတွက် ပိုအရေးကြီးသည်ဟု အကြောင်းပြန်ထားကြောင်း သိရသည်။ အာဆင်နယ်က အိုဇေးလ်ကို ဇန်နဝါရီဈေးကွက်အတွင်း ထုတ်ရောင်းရန် ရည်ရွယ်ချက်မရှိသဖြင့် လာမည့်နွေဈေးကွက်ရောက်မှသာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့် ပြုရနိုင်ခြေရှိသည်။

## ဒီဇင်ဘာ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၇)**

| | | |
|---|---|---|
| နယူးကာဆယ် - အဲဗာတန် | ၂း၁၅ | |
| ဆွမ်ဆီး - မန်စီးတီး | ၂း၁၅ | |
| ဆောက်သမ်တန် - လက်စတာ | ၂း၁၅ | |
| လီဗာပူး - ဝက်စ်ဘရွန်း | ၂း၃၀ | |
| စပါး - ဘရိုက်တန် | ၂း၃၀ | |
| မန်ယူ - ဘုန်းမောက် | ၂း၃၀ | |
| ဝက်စ်ဟမ်း - အာဆင်နယ် | ၂း၃၀ | |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၆)**

| | | |
|---|---|---|
| ဟော်ဖန်ဟိမ်း - စတုဂတ် | ၁ း၀၀ | |
| ဘိုင်ယန်မြူးနစ် - ကိုလုံး | ၂း၀၀ | |
| လေဗာကူဆင် - ဝါဒါဘရီမင် | ၂း၀၀ | |
| ရှော်လ်ကေး - အော့စ်ဘတ် | ၂း၀၀ | |
| ဟာသာဘာလင် - ဟန်နိုဗာ | ၂း၀၀ | |

ခိုင်ဝင်း

## ရီးယဲလ်ကို အနိုင်ကစားပေးမည်ဟု မက်ဆီကို နေမာ ကတိပြုခဲ့

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ် မဲခွဲမှုများတွင် စိတ်လှုပ်ရှားစရာ အကောင်းဆုံး ထိပ်တိုက်တွေ့ဆုံမှုအဖြစ် ရီးယဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီတို့ တွေ့ဆုံမည်ဖြစ်ပြီး ပီအက်စ်ဂျီတိုက်စစ်မှူး နေမာက မက်ဆီထံသို့ စာတိုရေးသားပြီး ကတိတစ်ခု ပြုလိုက်ကြောင်း မေရာအွန်လိုင်း သတင်းဌာနက ဖော်ပြသည်။ နေမာသည် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် အမြဲတမ်း အဆက်အသွယ်ရှိသူဖြစ်ပြီး ချန်ပီယံလိဂ်မဲခွဲမှုများ ထွက်ပေါ်လာပြီးနောက် ဘာကာ၏ အခါးသီးဆုံးပြိုင်ဘက် ရီးယဲလ်မက်ဒရစ်ကို အနိုင်ကစားပေးမည်ဟု ကတိပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်မှာ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များတွင် ရလဒ်မကောင်းခဲ့ဘဲ အုပ်စုဒုတိယနေရာသာ ရရှိခဲ့ရာ ပီအက်စ်ဂျီအသင်းနှင့် တွေ့ဆုံလာရခြင်းဖြစ်သည်။ ရီးယဲလ်အနေဖြင့် ယခုကဲ့သို့ ပီအက်စ်ဂျီနှင့် တွေ့ဆုံမှုကြောင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်ရတော့မည်ဖြစ်သည်။ ရီးယဲလ်သည် ချန်ပီယံလိဂ်ဟု အမည်ပြောင်းပြီးနောက် လက်ရှိချန်ပီယံဘွဲ့ကိုကာကွယ်နိုင်သည့် ပထမဦးဆုံးအသင်းဖြစ်သလို ၂၀၁၀-၂၀၁၁ ရာသီကတည်းက အနိမ့်ဆုံးဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ကာ အဆိုပါ ခုနစ်နှစ်တာကာလအတွင်း ချန်ပီယံ သုံးကြိမ် ဖြစ်ထားသည့် ချန်ပီယံလိဂ် အစဉ်အလာကြီးမားသည့်အသင်း ဖြစ်သည်။

ပီအက်စ်ဂျီသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ၁၆ သင်းအဆင့်တွင် စပိန်အင်အားကြီး ဘာစီလိုနာနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကာ ပထမအကျော့တွင် လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ဖူးသည်။ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် မတ် ၆ ရက်တို့တွင် ပရိသတ်များ ရှုစားရမည်ဖြစ်သည်။ ဘာစီလိုနာ-ချယ်လ်ဆီးတို့တွေ့ဆုံမှုကိုလည်း ပွဲကျပ်သည်ဟု ဆိုနိုင်သော်လည်း ပီအက်စ်ဂျီ-ရီးယဲလ်တို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ နှစ်သင်းစလုံးအတွက် ပိုမိုအကျပ်အတည်းဆိုက်နိုင်သည့်အနေအထား ဖြစ်သည်။




## ၂၀၁၈ ရွှေကမ္ဘာလုံးဆုပေးပွဲအတွက် ဆုလျာထားစာရင်း ထုတ်ပြန်

လာမယ့်နှစ် ရွှေကမ္ဘာလုံးဆုပေးပွဲကြီးအတွက် ထူးချွန်ဆုလျာထားစာရင်းမှာပါဝင်နေကြတဲ့ အနုပညာလက်ရာတွေရဲ့စာရင်းကိုတော့ လတ်တလောမှာ တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့တာ ဖြစ်ပါတယ်။ ဒီစာရင်းမှာပါဝင်ခဲ့တဲ့ ရုပ်ရှင်နဲ့ ရုပ်သံအစီအစဉ်အတွက် ထူးချွန်ဆုတွေရဲ့ ဆုလျာထားစာရင်းမှာ ပါဝင်ခဲ့တဲ့ အနုပညာရှင်နဲ့ အနုပညာလက်ရာတွေအနက် ဆုလျာထားစာရင်းမှာ အများဆုံးပါဝင်ခွင့်ရခဲ့တဲ့ ရုပ်ရှင်တွေကတော့ "The Shape of Water"၊ "The Post" နဲ့ " Three Billboards Outside Ebbing, Missouri"တို့ဖြစ်ကြကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၁ ရက်မှာ လာမယ့် ၂၀၁၈ ခုနှစ်အတွက် ကျင်းပသွားမယ့် ရွှေကမ္ဘာလုံးဆုပေးပွဲကြီးရဲ့ ဆုလျာထားစာရင်းကို ကယ်လီဖိုးနီးယားပြည်နယ်မှာရှိတဲ့ ဗီဗာလီဟေလ်တန်ဟိုတယ်မှာ နာမည်ကျော်အနုပညာရှင်တွေဖြစ်ကြတဲ့ ခရစ်ဘဲလ်၊ ဂျာရက်ထ်ဟက်ဒ်လန်း၊ ရှာရွန်စတုန်းနဲ့ အော်ဖာဝုဒ်အာ့ဒ်တို့က ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"The Shape of Water" ရုပ်ရှင်ကတော့ စုစုပေါင်းဆုနေရာ ခုနစ်နေရာအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရပြီး ဆုအရေအတွက် အများဆုံးလျာထားခံခဲ့ရတာဖြစ်ပါတယ်။ "The Post" နဲ့ "Three Billboards Outside Ebbing, Missouri" တို့ကတော့ ဆုပေါင်းခြောက်ဆုစီ လျာထားခံခဲ့ရကာ ဒုတိယမြောက်ဆုနေရာ အများဆုံးရယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်သုံးကားစလုံးဟာ အကောင်းဆုံးရုပ်ရှင်(ဒရမ်မာ)ဆုအတွက် အတူလျာထားစာရင်းဝင်ခဲ့ကြတာဖြစ်ပြီး သူတို့နဲ့အပြိုင် အဆိုပါဆုတွေအတွက် လျာထားခံရတဲ့ အခြားသော ရုပ်ရှင်နှစ်ကားကတော့ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်တဲ့ "Call Me by Your Name" နဲ့ ဒုတိယကမ္ဘာစစ်အကြောင်း ပုံဖော်ထားတဲ့ "Dunkirk" ရုပ်ရှင်တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။ ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ အန်ဂျလီနာဂျိုလီ ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးခဲ့တဲ့ရုပ်ရှင် "First They Killed My Father: A Daughter of Cambodia Remembers"ကတော့ အကောင်းဆုံး နိုင်ငံခြားဘာသာစကားရုပ်ရှင်ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတာကိုလည်း တွေ့ရပါတယ်။

တေးဂီတနဲ့ ဟာသရုပ်ရှင်တွေအနက် ဆုလျာထားစာရင်းဝင်ခဲ့ကြတဲ့ ရုပ်ရှင်တွေကတော့ "The Disaster Artist"၊ "Get Out"၊ "The Greatest Showman"၊ "I, Tonya" နဲ့ "Lady Bird" တို့ဖြစ်ကြပြီး အကောင်းဆုံးရုပ်သံဖန်တီးမှုရုပ်ရှင်အဖြစ် လျာထားခံထားရတဲ့ ရုပ်ရှင်တွေကတော့ "The Boss Baby"၊ "The Breadwinner"၊ "Coco"၊ "Ferdinand" နဲ့ "Loving Vincent" တို့ဖြစ်ကြပါတယ်။

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအတွက် လျာထားစာရင်းမှာတော့ "Call Me by Your Name" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား တမ်မိုးသီချဲလမက်ထ်၊ ဒန်နီယယ်ဒေးလူးဝစ် (Phantom Thread)၊ တွမ်ဟန့်စ်(The Post)၊ ဂရေးအိုးဒ်မန်း( Darkest Hour)နဲ့ ဒန်ဗယ်လ်ဝါရှင်တန် (Roman J. Israel, Esq.)တို့ ပါဝင်နေတာတွေ့ရပါတယ်။ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု လျာထားစာရင်းမှာတော့ "The Post" ရုပ်ရှင်နဲ့ မာရီလ်စထရိပ်၊ "Three Billboards" ရုပ်ရှင်နဲ့ ဖရန်စစ်မက်ဒေါ်မန်၊ "Molly's Game" ရုပ်ရှင်နဲ့ ဂျက်ဆီကာချက်စတိန်း၊ "The Shape of Water" ရုပ်ရှင်နဲ့ စော်လီဟော်ကင်စ်နဲ့ "All the Money in the World "ရုပ်ရှင်နဲ့ မီရှဲလ်ဝီလီယမ်စ်တို့ ပါဝင်နေကြောင်းလည်း သိရပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အဆိုပါဆုပေးပွဲကြီးကိုတော့ လာမယ့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ယင်းဆုပေးပွဲဟာ (၇၅)ကြိမ်မြောက် ကျင်းပတဲ့ ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးလည်းဖြစ်ကြောင်း သိရပါတယ်။

အေးပြည့် – စုစည်းသည်



## ဆယ်နှစ်ကျော်ကြာလက်တွဲခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲခဲ့တဲ့ ကူဟေဆန်း

"Boys Over Flowers (F4)" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဂင်ဂျန်ဒီအဖြစ် မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေနဲ့ ရင်းနှီးခဲ့တဲ့ မင်းသမီး ကူဟေဆန်းဟာ လတ်တလောမှာတော့ သူနဲ့ ၁၄ နှစ်ကြာလက်တွဲလာခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကူဟေဆန်းဟာ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့လက်တွဲကာ အနုပညာလှုပ်ရှားမှုတွေကို ဆယ်နှစ်ကျော်ကြာလုပ်ဆောင်ခဲ့တာဖြစ်ပြီး မကြာသေးမီက ကူဟေဆန်းနဲ့ ဝိုင်ဂျီရဲ့ စာချုပ်သက်တမ်းပြည့်ခဲ့တာဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ်အတွင်းမှာ ဝိုင်ဂျီနဲ့ စတင်လက်တွဲခဲ့တဲ့ ကူဟေဆန်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ အဆိုပါဖျော်ဖြေရေးအေဂျင်စီက "ဝိုင်ဂျီအနေနဲ့ ကူဟေဆန်းရဲ့ ဆန္ဒကိုအထူးအလေးထားပါတယ်။ ကျွန်ုပ်တို့နဲ့ ၁၄ နှစ်ကြာ ယုံယုံကြည်ကြည်နဲ့ လက်တွဲခဲ့ပြီး နှစ်ဦးနှစ်ဖက်အကြားမှာလည်း သံယောဇဉ်ဖြစ်ခဲ့ကြရတာကြောင့် စာချုပ်သစ်နဲ့ပတ်သက်ပြီး ကူဟေဆန်းရဲ့ ဆန္ဒအတိုင်း ဆုံးဖြတ်ခဲ့ပါတယ်။ နောက်ဆုံးသဘောတူလိုက်ကြတာကတော့ သူရဲ့စာချုပ်ကို သက်တမ်းတိုးထပ်မံချုပ်ဆိုခြင်း မရှိတော့ပါဘူး"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ဝိုင်ဂျီက ကူဟေဆန်းရဲ့ အနုပညာလှုပ်ရှားမှုအသစ်တွေနဲ့အတူ ကျန်းမာရေးအခြေအနေကောင်းမွန်စေကြောင်းနဲ့ ပျော်ရွှင်ပါစေကြောင်း ဆုတောင်းပေးပြီး သူ့ရဲ့ရှေ့ဆက်မယ့်အနုပညာခရီးမှာလည်း ကူညီအားပေးသွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကူဟေဆန်းဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ရိုက်ကူးနေစဉ်အတွင်းမှာပဲ ကျန်းမာရေးပြဿနာကြောင့် ဆက်လက်ရိုက်ကူးနိုင်ခြင်းမရှိတော့ပါဘူး။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ရိုက်ကူးနေစဉ်မှာ ကူဟေဆန်းရဲ့ သရုပ်ဆောင်မှုအပေါ် အချို့သောပရိသတ်တွေက အရည်အချင်းညံ့ဖျင်းလွန်းကြောင်း ဝေဖန်ခဲ့ကြတာကြောင့် အဆိုပါဖိအားတွေရဲ့ဒဏ်ကိုလည်း သူဟာ အတော်လေးခံစားခဲ့ရတာဖြစ်ပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ကူဟေဆန်းက သူဟာလွန်ခဲ့တဲ့ ခြောက်နှစ်ခန့်က ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်အတွက် အနုပညာကြေးကို လတ်တလောအချိန်အထိ မရသေးကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ကူရဲ့ ပြောကြားချက်အရ သူဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်အတွက် အနုပညာကြေးရရှိဖို့ ကျန်နေသေးတာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲရုပ်ရှင်ကို ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင်ထုတ်လုပ်ရေးက မပေးသေးတာဖြစ်တယ်လို့ သိရပါတယ်။ တရားရုံးက အနုပညာကြေးတွေကို ပေးဆောင်ဖို့ အမိန့်ချမှတ်ခဲ့ပေမယ့် ခြောက်နှစ်ကျော်ကြာသည်အထိ မရသေးတာဖြစ်ပြီး ကူဟေဆန်းမရသေးတဲ့ အနုပညာကြေးကတော့ ဝမ်သန်း ၂၆၀ ဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိအေဂျင်စီနဲ့ လမ်းခွဲခဲ့တဲ့အပေါ် ကူဟေဆန်းကတော့ သူ့အနေနဲ့ အပြောင်းအလဲတစ်ခုနဲ့ အသစ်ကနေ အနုပညာလှုပ်ရှားမှုတွေကို လူသစ်စိတ်သစ်နဲ့ ပြန်လည်လုပ်ဆောင်လိုတာကြောင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## သီတင်းပတ်သုံးပတ်ဆက်တိုက် ထိပ်ဆုံးမှာရပ်တည်နေဆဲ Coco

အခြားသော ရုပ်ရှင်ဇာတ်ကားကြီးတွေ ရုံတင်ခဲ့ခြင်းမရှိတာကြောင့် ယခင်သီတင်းပတ်တွေမှာ ဝင်ငွေအရ ထိပ်ဆုံးမှာရပ်တည်နေတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Coco"ကပဲ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးအဖြစ် သီတင်းပတ်သုံးပတ်ဆက်တိုက် ဆက်လက်ရပ်တည်နေတာဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃ သန်းရရှိခဲ့တဲ့ "Coco"ရုပ်ရှင်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အထိ သီတင်းပတ်သုံးပတ်ကြာ ရုံတင်ပြသမှုအပြီးမှာတော့ စုစုပေါင်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၅ သန်းဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ဒစ်စနေနဲ့ ပိုက်ဇာတို့ ပူးပေါင်းထုတ်လုပ်ခဲ့တဲ့ တေးဂီတအသားပေးထားပြီး ပျော်ရွှင်ဖွယ်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Coco"ကို နိုဝင်ဘာလကုန်သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပြီး အဖွင့်သီတင်းပတ်အတွင်းမှာ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ အဲဒီနောက် ဒုတိယနဲ့ တတိယသီတင်းပတ်တွေမှာလည်း နံပါတ်တစ်နေရာကနေ ဖယ်ပေးရခြင်း မရှိသေးတာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ရဲ့ ဝင်ငွေအကောင်းဆုံးရုပ်ရှင် ဆယ်ကားစာရင်းမှာ ပါဝင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ထိပ်ဆုံးမှာရပ်တည်နေတဲ့ ရုပ်ရှင်သုံးကားကတော့ ရှေ့တစ်ပတ်က မှတ်တမ်းတင်ထားတဲ့အတိုင်း အပြောင်းအလဲမရှိဘဲ သီတင်းပတ်နှစ်ပတ်ဆက်တိုက် နေရာမပြောင်းလဲခဲ့တာကိုလည်း တွေ့ရပါတယ်။



# မြန်မာနိုင်ငံ သမိုင်းအသင်း စတင်ဖွဲ့စည်း



**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံသမိုင်းအသင်း စတင်ဖွဲ့စည်းရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ် ဝေသာလီဆောင်၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန အငြိမ်းစား ပါမောက္ခ ဒေါက်တာတိုးလှက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသမိုင်းအသင်း၏ နာယကကြီးများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန အငြိမ်းစား ပါမောက္ခ ဒေါက်တာမာဂရက်ဝေါင်း၊ ဒုတိယဥက္ကဋ္ဌ-၁ မိတ္ထီလာတက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာမောင်ချို၊ ဒုတိယဥက္ကဋ္ဌ-၂ ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါ်မေရီလွန်ပွမ်၊ အထွေထွေအတွင်းရေးမှူး-၁ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခ ဒေါ်မိုမိုသန်း၊ အထွေထွေအတွင်းရေးမှူး-၂ မန္တလေးတက္ကသိုလ် သမိုင်းဌာန ပါမောက္ခ ဒေါက်တာရီရီဝင်းနှင့် အတွင်းရေးမှူးများအဖြစ် ဦးသီဟကိုကို(ကျောင်းသားဟောင်း)၊ မန္တလေးတက္ကသိုလ် သမိုင်းဌာန အငြိမ်းစား ပါမောက္ခ ဒေါက်တာဥက္ကာမြ၊ ဒေါက်တာဇော်စိုးမင်း၊ မန္တလေးတက္ကသိုလ် သမိုင်းဌာန တွဲဖက်ပါမောက္ခ ဒေါက်တာကိုကိုနိုင်၊ မကွေးတက္ကသိုလ် သမိုင်းဌာနမှ ဒေါက်တာနေဝင်း၊ ဘဏ္ဍာရေးမှူးများအဖြစ် ဒေါက်တာသင်းသင်းအေး၊ ဦးကိုကိုတိုးလွင်သော်၊ ဒေါက်တာဝေဝေအိမ်၊ ဒေါက်တာမိမိလှိုင်၊ စာရင်းစစ်များအဖြစ် ဒေါ်ဝင်းဝင်းမော်၊ ဒေါ်ရွှေစင်၊ ဦးထွန်းထွန်းငြိမ်း၊ ဒေါ်အေးအေးမိုး၊ ဦးဆန်းထွန်းအောင်၊ ဦးနေလင်းမောင်မောင်၊ ဦးထွန်းမြင့်အောင်၊ ဒေါ်အေးအေးမြင့်နှင့် အမှုဆောင်ကော်မတီဝင် ၁၅ ဦးကို ရွေးချယ်တင်မြှောက်လိုက်ကြောင်း သိရသည်။

**ဝဝဝ**

# လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရွှေကျင် ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရှမ်း/ကြေးရပ်ကွက်ရှိ စည်ပင်သာယာခန်းမ၌ လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် ဒေါ်အိအိထွေးတို့က လူထုဗဟိုပြုစီမံကိန်းတွင် အမျိုးသမီးများပါဝင်လာပြီး ကျား၊ မ တန်းတူညီမျှစွာရရှိရေးနှင့် ကမ္ဘာ့ဘဏ်မှ ကူညီနိုင်မည့်အချက်အလက်များကို ပြောကြားသည်။ ဆက်လက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်းနှင့် ဦးဝင်းဇော်ထွန်းတို့က လူထုဗဟိုပြုစီမံကိန်းအကြောင်းများနှင့် စီမံကိန်းလည်ပတ်ပုံများကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု စံပြကျေးရွာ အမကတွင် ဒီဇင်ဘာ ၁၀ ရက်က ဖောင်ကြီးရဲစခန်းမှ ရဲအုပ်နေစိုး သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောစဉ်။ **ကြေးမုံ**

# တောင်သူများအတွက် လယ်ယာမြေသစ်ဧက ၈၀၀ ဖော်ဆောင်ပေးမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အတွင်း မြို့နယ်သုံးမြို့နယ်၌ ဆင်းရဲနွမ်းပါးသော တောင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး လယ်ယာမြေသစ်ဧက ၈၀၀ ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက ပြောကြားသည်။

"ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ၂၀၁၆ ခုနှစ်မှာ လယ်ယာမဲ့ဒေသခံတောင်သူတွေကို လယ်ယာမြေဧက အသစ် ၂၀၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်၊ အလားတူ တောင်သူတွေ လက်ရှိထွန်ယက်စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ လယ်ယာမြေတွေကို အဆင့်မြင့်လယ်ယာမြေအဖြစ်ဖော်ထုတ်ပေးခြင်းကို ဖားကန့်မြို့နယ်နဲ့ မိုးမောက်မြို့နယ်များမှာ ဧက ၂၀၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ပူတာအိုမြို့နယ်မှာ ဧက ၂၀၀၊ တနိုင်းမြို့နယ်နဲ့ ရှင်ဗွေယန်မြို့နယ်များမှာ ဧက ၃၀၀ စီနဲ့ စုစုပေါင်း ဧက ၈၀၀ ကို လယ်ယာမြေအသစ် ဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ၊ အဲဒီလို လယ်ယာမြေအသစ်ဖော်ထုတ်ရေးအတွက် ထွန်စက်ကြီးအစီး ၄၀၊ ဝန်ထမ်း ၅၀ က ၂၀၁၈ ခုနှစ် ဇန်နဝါရီလဆန်းကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လယ်ယာမြေမဲ့တောင်သူများကို ဦးစားပေး(၁)၊ အိမ်ထောင်စုလူဦးရေများပြီး လယ်ယာမြေနည်းပါးသူ အိမ်ထောင်စုများကို ဦးစားပေး(၂)နဲ့ ကျန်တဲ့ အိမ်ထောင်စုများကို ဦးစားပေး(၃)အဖြစ် ပြည်နယ် အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့အညီ ခွဲဝေပေးသွားမှာပါ"ဟု ကချင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်ဆန်းက ရှင်းလင်းပြောကြားသည်။

အလားတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဟိုပင်မြို့နယ်၊ ဝိုင်းမော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်များတွင် ဧက ၃၀၀ အား သမားရိုးကျ လယ်ယာမြေစနစ်မှ စက်မှုလယ်ယာမြေစနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အဆင့်မြင့်လယ်ယာမြေများတွင် စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့်ခြွေလှေ့ခြင်း၊ ရေသွင်း/ရေထုတ်လုပ်ငန်းများအား စနစ်တကျ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

ထို့အပြင် ဒေသခံတောင်သူများ အနေဖြင့်လည်း လယ်ယာသုံး စက်ကိရိယာများ အသုံးပြုခြင်းနှင့် ပျက်စီးမှုများရှိပါက သက်ဆိုင်ရာမြို့နယ်အလိုက် စက်မှုလယ်ယာ ဦးစီးဌာနများနှင့် ဆက်သွယ်စုံစမ်းမေးမြန်း အကူအညီ တောင်းခံနိုင်ပြီး ပြင်ပစက်ပြင်များကဲ့သို့ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအား ဝန်ဆောင်မှု အပြည့်အဝ ပေးနေပြီဖြစ်ကြောင်း ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူးထံမှ သိရသည်။

**ဦးလေးကြီး**

# ကုန်သွယ်လုပ်ငန်းခွန်အကြောင်းရှင်းလင်း

**ပုသိမ် ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ ပုသိမ်မြို့နယ်များအတွင်း အခွန်တံဆိပ်ကပ်နှိပ်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၈ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းငွေနှင့် ပုသိမ်မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ငွေအောင်တို့က ကုန်သွယ်လုပ်ငန်းခွန်အကြောင်း ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ လုပ်ငန်းရှင်အခွန်ထမ်း ၃၀၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# ဖြူးမြို့တွင်ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

**ဖြူး ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖြူးမြို့နယ်တွင် ပြုလုပ်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသို့ တာဝန်ပေးအပ်ပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကိုဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသက်စိန်နှင့် ဒေါ်နွယ်နီဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က အသီးသီး အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွဲဝေရရှိသောလုပ်ငန်း ၂၁ ခုမှ ကြီးကြပ်ရေးကော်မတီများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ရန်ပုံငွေများကို ပေးအပ်ကြကြောင်း သိရသည်။ **သက်မှူး**

# ဆိပ်ငယ်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

**မြိတ် ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက်ရှိ ဆိပ်ငယ်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက မီးဘေးအန္တရာယ်ဖြစ်ပွားပါက စနစ်တကျ မီးငြိမ်းသတ်မှု ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ဈေးမီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်များမှတစ်ဖက် နှစ်စီး ပိတ်ဆို့နေရာယူ၍ ချဉ်းကပ်ခြင်း၊ မီးထိန်းခြင်း၊ ဈေးအရန်မီးသတ်တပ်ဖွဲ့မှ ဈေးအတွင်းပိုင်းရေကန်မှ အပေါ့စားရေစုပ်စက်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်းဝင်ရောက်၍ မီးဆက်လက်ငြိမ်းသတ်ခြင်း၊ အရန်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သတ်မှတ်နေရာအလိုက် ပူးပေါင်းငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဈေးအတွင်း ပိတ်မိနေသော လူများနှင့် ဒဏ်ရာရရှိသူများအား ဝင်ရောက်ကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ လူနာတင်ယာဉ်ဖြင့် ဆေးရုံပို့ဆောင်ခြင်းဆောင်ရွက်ခဲ့သည်။

ဆိပ်ငယ်ဈေးကြီးကို နှစ်စဉ် ပွင့်လင်းရာသီရောက်တိုင်း မီးဘေးကြိုတင်ကာကွယ်ရေး ပုံမှန်မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ခဲ့ကြပြီး ယခုနှစ်တွင် စနစ်ပြောင်းပြီး မီခိုးအတွင်း၊ အခန်းတွင်း မီးငြိမ်းသတ်ခြင်းပါ ထည့်သွင်းလေ့ကျင့်ခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မြို့နယ်မီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းတို့တွင် မီးသတ်ယာဉ် စုစုပေါင်း ၂၅ စီးရှိကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက ပြောသည်။ ဆိပ်ငယ်ဈေးကြီးသည် အရှေ့ဘက်နှင့် အနောက်ဘက်မျက်နှာပေ ၃၄၀ရှိပြီး တောင်ဘက်နှင့်မြောက်ဘက်မျက်နှာပေ ၃၆၀ ဆိုင်ခန်းပေါင်း ၁၄၉၅ ခန်း ရှိကြောင်း ဈေးကော်မတီ ဥက္ကဋ္ဌထံမှ သိရသည်။

ဇာတ်တိုက်လေ့ကျင့်ခြင်းကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ် တစ်စီး၊ အရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် ခြောက်စီး စုစုပေါင်း အစီး ၂၀ ဖြင့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းလေ့ကျင့်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဈေးသူဈေးသားများက ကြည့်ရှုအားပေးခဲ့ကြသည်။ **နိုင်ထူး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မှုခင်းအသိပညာပေးဟောပြောပွဲကိုဒီဇင်ဘာ ၈ ရက်က ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦးက အသိပညာပေးဟောပြောစဉ်။ **ကြေးမုံ**



## ဘက်ရှုအာရီကို စိတ်မရှည်တော့တဲ့ ကွန်တီ

ချယ်လ်ဆီးအသင်းက လာမည့်ဇန်နဝါရီ ဈေးကွက်အတွင်း ထိပ်တန်းတိုက်စစ်မှူး တစ်ဦးကို ခေါ်ယူမှာဖြစ်တာကြောင့် ပစ်မှတ်ထားနေတဲ့အတွက် တိုက်စစ်မှူး ဘက်ရှုအာရီကို အငှားချလိမ့်မယ်ဆိုတဲ့ The Sun သတင်းဌာနက ဖော်ပြပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီဟာ သူ ချယ်လ်ဆီးကို ရောက်ရောက်ချင်းနှစ်မှာပဲ ဘတ်ရှုအာရီကို မာဆေးလ်ကနေ ပြောင်းရွှေ့ကြေး ပေါင်၃၃ သန်းအထိ အသုံးပြုခေါ်ယူခဲ့သော်လည်း ဘက်ရှုအာရီဟာ ကွန်တီလိုချင်တဲ့ စွမ်းဆောင်ရည်မျိုး ပြသနိုင်ခြင်းမရှိခဲ့တဲ့အတွက် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို အစားထိုးခေါ်ယူရန် ရည်မှန်းလာတာဖြစ်ပါတယ်။

ဘက်ရှုအာရီကလည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မယ့် ဘယ်လ်ဂျီယံအသင်းမှာ ရွေးချယ်ခံရဖို့ တစ်ခုတည်းသော နည်းလမ်းက ပုံမှန်ပွဲထွက်ခွင့်သာ ဖြစ်လို့ တကယ်လို့ ချယ်လ်ဆီးက ဒီအခွင့်အရေးကို မပေးနိုင်ခဲ့ဘူးဆိုရင် ပုံမှန်ပွဲထွက်ခွင့်ပေး နိုင်မယ့် အသင်းကိုသာ ပြောင်းရွှေ့နိုင်ဖွယ်ရှိနေတာ ဖြစ်ပါတယ်။ ဘတ်ရှုအာရီဟာ ယခုနှစ် ဘောလုံးရာသီတွင် လိဂ်သွင်းဂိုးနှစ်ဂိုးသာ သွင်းယူထားနိုင်တဲ့အတွက် ကွန်တီက အဆုံးသတ်ပိုင်းသေချာတဲ့ ထိပ်တန်းတိုက်စစ်မှူး တစ်ဦးကို အစားထိုးချင်တော့တာဖြစ်ပါတယ်။ ကွန်တီရဲ့ ချယ်လ်ဆီးအသင်းဟာ ဒီရက်သတ္တပတ်အတွင်း ကစားခဲ့တဲ့ ပွဲမှာ ဝက်စ်ဟမ်းကို အဝေးကွင်းမှာ အရေးနိမ့်ခဲ့တဲ့အတွက် ကွန်တီအနေနဲ့ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ မဖြစ်မနေလိုအပ်လာတာဖြစ်ပါတယ်။

## ကွန်ပနီ ပြောတဲ့အတိုင်းဖြစ်လာတော့မလား




မန်စီးတီးဝါရင့် နောက်ခံလူ ကွန်ပနီက ဖာဂူဆန် ခေတ်လွန်ချိန်က စပြီး မန်စီးတီးရဲ့ အောင်မြင်မှုတွေသာ မန်ချက်စတာမြို့မှာ နောက်ထပ် ၁၀ စုနှစ်ခု ကျော်ကြာ ဆက်လက်လွှမ်းမိုးနေဦးမယ်လို့ ဆိုလိုက်ပါတယ်။ ဒီစကားဟာ မန်ချက်စတာဒါဘီမယှဉ်ပြိုင်မီ နာရီပိုင်းအလိုက ပြောကြားခဲ့တာဖြစ်ပြီး တကယ်တမ်း ကစားချိန်မှာလည်း မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားသွားနိုင်ခဲ့ပါတယ်။ ကွန်ပနီက မန်ယူရဲ့ ခေတ်ဟာ ဖာဂူဆန် ထွက်ခွာသွားခြင်းနဲ့အတူ ကွက်လပ်အကြီးကြီး ဖြစ်ကျန်ရစ်ခဲ့ပြီး အရာအားလုံးလည်း ပြောင်းလဲသွားတယ်လို့ ဆိုပါတယ်။ ကွန်ပနီကလက်ရှိအချိန်မှာ မန်စီးတီးဟာ မန်ယူထက် ပိုကောင်းတဲ့ အသင်းဖြစ်တယ်လို့ သွယ်ဝိုက်ပြောကြားသွားခဲ့တယ်လို့ အဖြေထုတ်နိုင်ပါတယ်။

မန်ယူဟာအိမ်ကွင်းမှာ မန်စီးတီးကိုရင်ဆိုင်ခဲ့ရပေမယ့် ဘောလုံးပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်းသာရှိခဲ့ပြီး ဒါဟာ ၂၀၀၃-၂၀၀၄ ခုနှစ် နောက်ပိုင်း အိုးထရက်ဖို့ဒ်ကွင်းမှာ အနိမ့်ဆုံး စံချိန်ဖြစ်သွားခဲ့ပါတယ်။ မော်ရင်ဟိုဟာ ဂွါဒီယိုလာကို ရင်ဆိုင်ရာမှာ ကိုးကြိမ်အထိ အရေးနိမ့်ခဲ့တဲ့မှတ်တမ်းဆိုးအပြင် အိုးထရက်ဖို့ဒ်ကွင်းမှာ အသင်းတစ်သင်းက မန်ယူအသင်းဘက်ကို တစ်ဂိုးထက် သွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းလည်း ဖြစ်လာခဲ့ပါတယ်။ မန်ယူအသင်းဟာ အိမ်ကွင်းမှာ နောက်ဆုံးရှုံးနိမ့်ခဲ့တဲ့အသင်းက မန်စီးတီးဖြစ်သလို တစ်ဂိုးထက် ပိုပေးခဲ့ရတဲ့အသင်းကလည်း မန်စီးတီးသာ ဖြစ်ခဲ့ရတာကတော့ မော်ရင်ဟိုအတွက် ဒီဇင်ဘာအိပ်မက်ဆိုးဖြစ်နေပါလိမ့်မယ်။

မန်ယူဟာ ယခုပွဲမှာ အရေးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ချန်ပီယံလမ်းကြောင်းက သွေဖည်သွားခဲ့ပြီလို့ မော်ရင်ဟိုက မတင်မကျဖြေကြားခဲ့ပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီကလည်း သူတို့အသင်း ပရီမီယာလိဂ်ချန်ပီယံမဖြစ်နိုင်တော့ဘူးဆိုတာ ဝန်ခံခဲ့တာကြောင့် ယခု ရက်သတ္တပတ်အတွင်း ပရီမီယာလိဂ်ချန်ပီယံမဖြစ်နိုင်တော့ဘူးဆိုတာ ဝန်ခံခဲ့တဲ့ နည်းပြနှစ်ဦး ထပ်မံပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာကတော့ အင်္ဂလန်မှာလည်း ဘာစီလိုနာနည်းလမ်းက အောင်မြင်မှု ရှာဖွေနိုင်တယ်ဆိုတာ ပြီးခဲ့တဲ့ ဘောလုံးရာသီကတည်းက သူသိရှိပြီးဖြစ်ပြီး ဘာကာနည်းလမ်းက အင်္ဂလန်မှာလည်း အလုပ်ဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ဒ့ါအပြင် ဂွါဒီယိုလာ ပြီးခဲ့တဲ့နှစ်က ခေါ်ယူခဲ့တဲ့ ဆာနေးဟာ ပြိုင်ဘက်နောက်ခံလူတွေ ကြောက်ရွံ့ရတဲ့ အကောင်းဆုံးတောင်ပံတိုက်စစ်မှူးဖြစ်နေပြီဖြစ်သလို ဂျေဆူးကလည်း ခြေစွမ်းမှန်တဲ့ တိုက်စစ်မှူးပါ။ ဒီကစားသမားလေးတွေဟာ အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်သေးပြီး ဂွါဒီယိုလာက ရေရှည်စီမံကိန်းနဲ့ ဒီကစားသမားလေးတွေကို ခေါ်ခဲ့တာဖြစ်လို့ ကွန်ပနီပြောသလို မန်ချက်စတာမြို့ဟာ နောက်ထပ် ဆယ်စုနှစ် တစ်ခုအထိ မန်စီးတီးရဲ့ အောင်မြင်မှုတွေနဲ့ ထုံမွှမ်းနေဦးမယ်ဆိုတဲ့စကားဟာ ဖြစ်လာဖို့နီးစပ်တယ်လို့ ယူဆရပါတယ်။

## အံ့အားသင့်ဖွယ်ဖြစ်ခဲ့တဲ့ မက်ပီရဲ့ မြန်နှုန်းမြင့်ပြေးနှုန်း




ပီအက်စ်ဂျီတိုက်စစ်မှူးလေး မက်ပီဟာ လိုင်လီနဲ့ပွဲမှာ ပီအက်စ်ဂျီအတွက် တတိယဂိုးကို သွင်းနိုင်ဖို့ တစ်နာရီ ၄၄ဒသမ၇ ကီလိုမီတာအထိ ပြေးခဲ့ပြီး ဒါဟာ ကမ္ဘာ့အမြန်ဆုံးလူသားလို့ သိထားတဲ့ အူစိန်ဘိုရဲ့ ကီလို ၁၀၀ တန်းမှာတင်ထားတဲ့ စံချိန်ကိုမီဖို့ အနည်းငယ်သာလိုတဲ့နှုန်းဖြစ်ပါတယ်။ ပြင်သစ်ဘောလုံးကျွမ်းကျင်သူ ရော်ဘင်ဘာရီနာက မက်ပီရဲ့ ဂိုးရဖို့ အားထုတ်ခဲ့တဲ့ မက်ပီရဲ့ ပြေးနှုန်းဟာ ကမ္ဘာပေါ်မှာရှိတဲ့ အပြေးမြန်တဲ့သူတွေထက်တောင် ကျော်လွန်သွားခဲ့သလို အူစိန်ဘိုတင်ထားတဲ့ စံချိန် နီးပါးကိုဖြစ်ခဲ့တယ်လို့ ပြောပါတယ်။

မက်ပီဟာ ယခုနှစ်နွေဈေးကွက်အတွင်း မိုနာကိုကနေ ပြည်တွင်းလိဂ်ပြိုင်ဘက် ပီအက်စ်ဂျီကို ပြောင်းရွှေ့လာခဲ့ပြီး လက်ရှိမှာ အငှားနဲ့ လာရောက်ကစားနေသူဖြစ်ပေမယ့် လာမယ့် နွေဈေးကွက်မှာတော့ ပေါင်၁၆၅သန်းနဲ့ အပြီးသတ် ပြောင်းရွှေ့မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီ ဥရောပဘောလုံးလောကအတွင်း မိုနာကိုအသင်း ထွန်းတောက်လာမှုနဲ့အတူ မိုနာကို ကစားသမားတွေကို ဥရောပအသင်းကြီးတွေက မျက်စိကျခဲ့ကြတာဖြစ်ပါတယ်။ ဒီအထဲမှာ မန်စီးတီးက ဘာနာဒို ဆေးလ်ဗားနဲ့ မန်ဒီတို့ကို ခေါ်ယူနိုင်ခဲ့သလို ချယ်လ်ဆီးကလည်း ဘာကာယိုကိုကို ခေါ်ယူခဲ့တာပါ။

မိုနာကို ကစားသမားတွေထဲမှာတော့ မက်ပီကို ဥရောပထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်စီးတီး၊ မန်ယူ၊ လီဗာပူး၊ အာဆင်နယ်၊ ရီးယဲလ်မက်ဒရစ် စတဲ့အသင်းများစွာက အလိုရှိခဲ့ကြပြီး ဈေးကွက်နောက်ပိုင်းမှ သတင်းထွက်ခဲ့တဲ့ ပီအက်စ်ဂျီကို ရွေးချယ်သွားခဲ့တာဖြစ်ပါတယ်။ မက်ပီဟာ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ တိုက်စစ်ပိုင်းမှာ အကောင်းဆုံး စွမ်းဆောင်ရည်တစ်ရပ် ဆက်လက်ပြနိုင်ခဲ့ပြီး ဈေးကွက်လေ့လာသူတွေရဲ့ အသက်၂၁နှစ်အောက် ကစားသမားထဲမှာ ကမ္ဘာ့တန်ကြေးအကြီးဆုံး ကစားသမားအဖြစ် နံပါတ် ၁ နေရာမှာ ရှိနေသူလည်းဖြစ်ပါတယ်။

## ဟယ်ရီကိန်းကလည်း ဘာလွန်းဒီအောဆုပါတဲ့





စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယခုနှစ် ဘာလွန်းဒီအောဆု စာရင်းမှာ အဆင့် ၁၀ နေရာ ချိတ်ခဲ့ပေမယ့် သူက အဆင့် ၁၀ ဆိုတာ သူ့ရဲ့ ရည်မှန်းချက် မဟုတ်ဘဲ ဘာလွန်းဒီအောဆုအတွက် ၂၀၁၈ခုနှစ်ဟာ ပိုမိုကောင်းတဲ့နှစ်တစ်နှစ် ဖြစ်ရမယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကိန်းက လက်ရှိအချိန်မှာ အသက် ၂၄ နှစ်သာရှိသေးပြီး မက်ဆီ- စီရိုနယ်လ်ဒိုတို့ ခေတ်လွန်ချိန်မှာ အနာဂတ်ဘာလွန်းဒီအောဆုရှင် တစ်ဦးဖြစ်လာနိုင်မယ်လို့ မှန်းဆခံထားရသူပါ။ ကိန်းက “ကျွန်တော် ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပြနိုင်ခဲ့တဲ့အပေါ် ကျေနပ်ပျော်ရွှင်ရပေမယ့် ကျွန်တော့်ရဲ့ ရည်မှန်းချက်က ပြိုင်ပွဲတိုင်းအနိုင်ရဖို့နဲ့ ဘာလွန်းဒီအောဆု ရရှိဖို့ပါ” လို့ ထုတ်ပြောခဲ့တာဖြစ်ပါတယ်။ ကိန်းရဲ့ ဒီစကားကိုကြည့်ပြီး အဖြေထုတ်ရရင် လက်ရှိ ကမ္ဘာ့ထိပ်တန်း ကစားသမားသုံးဦးလို့ သတ်မှတ်ခံထားရတဲ့ စီရိုနယ်လ်ဒို၊ မက်ဆီ၊ နေမာတို့နဲ့ သူ့အကြား ခြေစွမ်းကွာဟမှုကို လျှော့ချသွားဖို့ အားထုတ်တော့မယ်လို့ ယေဘုယျ ကောက်ချက်ချနိုင်ပါတယ်။

ဟယ်ရီကိန်းဟာ လွန်ခဲ့တဲ့ သုံးရာသီလောက်ကစပြီး ခြေစွမ်းကောင်းမွန်ခဲ့ကာ တစ်ရာသီထက် တစ်ရာသီ ပိုမိုကောင်းမွန်လာခဲ့ပြီး အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကလည်း ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်တယ်ဆိုတာ သက်သေပြဖို့ ရုရှားမြေမှာကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကောင်းဆုံးစွမ်းဆောင်ရည် ပြသဖို့ လိုအပ်နေတယ်လို့ သတိပေးခဲ့တာဖြစ်ပါတယ်။ ဟယ်ရီကိန်းရဲ့ အကောင်းဆုံးခြေစွမ်းကို ပြီးခဲ့တဲ့ စက်တင်ဘာနဲ့ အောက်တိုဘာလတွေမှာ မြင်တွေ့ခဲ့ရပြီး ရီးယဲလ်ကတောင် စီရိုနယ်လ်ဒိုအလွန် ရီးယဲလ်တိုက်စစ်ပိုင်းအတွက် ကိန်းကို ပေါင်သန်း ၁၆၀လောက်အထိ အသုံးပြုခေါ်ယူဖို့ ပြင်ဆင်နေတယ်ဆိုတဲ့ သတင်းတွေ ထွက်လာခဲ့ပါသေးတယ်။ ဒ့ါအပြင် ကိန်းက သူဟာ ဒီနှစ်ဘောလုံးရာသီမှာ သွင်းဂိုး ၅၀သွင်းယူနိုင်ဖို့ ပစ်မှတ်ထားနေပြီး ပွဲစဉ်တွေ အများအပြားကျန်ရှိသေးတာကြောင့် သူ့ရည်မှန်းချက်ဟာ အများကြီး ဖြစ်နိုင်တယ်လို့လည်း ဆိုခဲ့ပါသေးတယ်။ တစ်နှစ်မှာ သွင်းဂိုး ၅၀လောက် ပုံမှန်သွင်းနိုင်တဲ့ တိုက်စစ်မှူးတွေဆိုတာ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့လောက်သာရှိပြီး ဒီလို သွင်းဂိုး၅၀လောက်အထိ သွင်းနိုင်ဖို့ ကြိုးစားမယ်ဆိုတဲ့ သူ့စကားကလည်း သူဟာ ဘာလွန်းဒီအောဆုအပေါ် ဘယ်လောက်အထိ ဆာလောင်နေပြီဆိုတာ ဖော်ပြနေခဲ့ပါတယ်။

## ဟာဇက်မကြောက်ဘူးလို့ ပြောခဲ့တဲ့ ဘာစီလိုနာနဲ့ ချယ်လ်ဆီးတွေ့ပြီ




ချယ်လ်ဆီးစူပါစတား ဟာဇက်ဟာ ချန်ပီယံလ်လိဂ်အုပ်စု နောက်ဆုံးပွဲအပြီး “ကျွန်တော်တို့က အပြာရောင်ချယ်လ်ဆီးပါ။ ဒါကြောင့် ဘာစီလိုနာဖြစ်ဖြစ်၊ ပီအက်စ်ဂျီ ဘယ်အသင်းနဲ့ ရင်ဆိုင်တွေ့တွေ့ ကြောက်ရွံ့မှာ မဟုတ်ဘူး”လို့ ဆိုခဲ့တာပါ။ ဟာဇက်ဟာ ချယ်လ်ဆီးအနေနဲ့ အုပ်စုနောက်ဆုံးပွဲမှာ အက်သလက်တီကိုကို သရေသာ ကစားနိုင်ခဲ့အပြီး အုပ်စုဒုတိယနေရာသာ ရရှိခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

